ဟာကီမွလ်အွမ္မသ် ဟာဇ်ရသ် မော်လာနာ အရှ်ရဖ်အလီထာနဝီသခင်၏

آدابُ المسجد

# ပလီဝတ်ကျောင်းတော်

ဆိုင်ရာ

# စည်းမျဉ်းစည်းကမ်းချက်များ

ပြန်ဆိုသူ

မော်လဝီ,ဂါဇီ ကရီးမ်ဘခ်ရှ် ဦးစိုးလွင်(မဟ်မူဒီ)



ဗလီဝတ်ကျောင်းတော်များသည် ဂျန္နသ်၏ဥယျာဉ်ဖြစ်၏။ ထို့နောက် ဂျန္နသ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ဒုက္ခမရောက်သေပေ။ (ထို့ကြောင့် ဗလီထဲတွင် ဂျန္နသ်သားများ ဒုက္ခရောက်စေမည့် မည်သည့်ကိစ္စကိုမျှ မပြုသင့်ပေ။)

(သတ်စ်ဟီလုလ်မဝါဒိဒ်၊ တွဲ-၁၊ စာ-၅၂၆)

# မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်ဆိုင်ရာ

# စည်းမျဉ်းစည်းကမ်းများ

ပြန်ဆိုသူ

မော်လဝီ, ဂါဇီ ကာရီးမ်ဘာခ်ရှ် ဦးစိုးလွင် (မဟ်မူဒီ)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဂျွန္တသ်ဥယျာဉ် (ခ) မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော် | ၁ |
| ၂။ | မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်ဟူသည် | ၂ |
| ၃။ | အကောင်းမွန်ဆုံးသောနေရာမှာ မတ်စ်ဂျိဒ်ဝတ်ကျောင်းတော်ဖြစ်ပြီး အဆိုးဝါးဆုံးသောနေရာမှာ ဈေးတန်းများပင် | ၃ |
| ၄။ | မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်များအား စည်ကားသိုက်မြိုက်စေသူတို့အတွက် သတင်းကောင်း | ၅ |
| ၅။ | ဗလီဝတ်ကျောင်းတော်တည်ဆောက်ခြင်း၏ ထွက်မြတ်မှုနှင့်အကျိုးကျေးဇူး | ၆ |
| ၆။ | ဗလီအဟောင်းအား ပြန်လည်မွမ်းမံခြင်း၏ ထူးမြတ်မှု | ၇ |
| ၇။ | ဟလာလ်သမာအာဇီဝဖြင့်ရှာဖွေထားသော ဥစ္စာမှ ဗလီဝတ်ကျောင်းတော်အား ပြုပြင်မွမ်းမံခြင်း၏ ထူးမြတ်မှု | ၈ |
| ၈။ | ဗလီဝတ်ကျောင်းတော်အားသန့်ရှင်းရေးပြုလုပ်ခြင်း၏အကျိုးကျေးဇူး | ၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | ဗလီဝတ်ကျောင်းတော်အတွင်း တံမြက်စည်းလှည်းခြင်း၏အကျိုးကျေးဇူး | ၁၁ |
| ၁၀။ | ဗလီဝတ်ကျောင်းတော်အား မကောင်းသောအနံ့ဆိုးနှင့် ညစ်ညမ်းသောအရာမှ သန့်ရှင်းစွာထားရှိရန် သတိပေးချက် | ၁၂ |
| ၁၁။ | ဗလီဝတ်ကျောင်းတော်၌ သာသနာ့ပညာ၏ ထိုင်ဝိုင်းပြုလုပ်ခြင်း၏လိုအပ်ချက်နှင့် ထူးမြတ်မှု | ၁၄ |
| ၁၂။ | မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်သို့လာရောက်ခြင်း၏ထူးမြတ်မှု | ၁၅ |
| ၁၃။ | ဗလီဝတ်ကျောင်းတော်အား စိတ်မဝင်စားခြင်းသည် မကောင်းသော လက္ခဏာတစ်ရပ်ပင် | ၁၆ |
| ၁၄။ | မိမိရပ်ကွက်၏ဗလီဝတ်ကျောင်းတော်တွင် နမာဇ်ဝတ်ပြုခြင်း၏အကျိုးကျေးဇူး | ၁၆ |
| ၁၅။ | ရပ်ကွက်၏ဗလီဝတ်ကျောင်းတော်တွင် ဝတ်ပြုသင့်ခြင်း | ၁၇ |
| ၁၆။ | တတ်နိုင်သရွေ့ မိမိရပ်ကွက်၏ ဗလီ၌သာ နမာဇ်ဝတ်ပြုသင့်ခြင်း | ၁၇ |
| ၁၇။ | နမာဇ်ဝတ်ပြုရန်ရောက်ရှိလာသူတို့၏ဖိနပ်များအားဖယ်ရှား၍ မိမိဖိနပ်အား ထားခြင်း | ၁၈ |
| ၁၈။ | ဗလီထဲသို့ဝင်သောအခါနှင့်ဗလီမှပြန်ထွက်ချိန် | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | တွင် ရွတ်ဖတ်ရသောတောင်းဆုတော် | ၁၉ |
| ၁၉။ | ဗလီဝတ်ကျောင်းတော်၌ တစ်ဦးတစ်ယောက်မျှ မရှိသောအခါ စလာမ်ပို့သရမည်လော | ၂၀ |
| ၂၀။ | ဗလီထဲတွင် ဖိကဲရ်နှင့်အခြားအိဗာဒသ်ပြုနေသူများသာရှိနေလျှင် စလာမ်မပြုထိုက်ခြင်း | ၂၀ |
| ၂၁။ | ဗလီထဲတွင် ရှိနေသူတို့အား ရှိသေလေးစားခြင်း | ၂၁ |
| ၂၂။ | သဟီယသုလ်မတ်စ်ဂျိဒ် | ၂၂ |
| ၂၃။ | လူအများအနှောက်အယှက်ဖြစ်နိုင်သောနေရာတွင် နမာဇ်ဝတ်ပြုသင့်ခြင်း | ၂၄ |
| ၂၄။ | ဗလီဝတ်ကျောင်းတော်နှင့်စပ်လျဉ်းသည့် အချို့စည်းကမ်းချက်များ | ၂၅ |
| ၂၅။ | ပြုပိုင်ခွင့်ရှိသောကိစ္စရပ်များအချို့သည်လည်း ဗလီဝတ်ကျောင်းတော်တွင် ပြုပိုင်ခွင့်မရှိခြင်း | ၂၆ |
| ၂၆။ | ဗလီဝတ်ကျောင်းတော်နှင့်စပ်လျဉ်းသည့် အထွေထွေမှတ်သတ်အချို့ | ၂၉ |
| ၂၇။ | နမာဇ်ဝတ်ပြုနေသူများ အနှောက်အယှက်ဖြစ်စေနိုင်သည့် အနေအထားဖြင့် ကျယ်လောင်စွာ ဖိကဲရ်နှင့်သိလာဝသ်ပြုခြင်း | ၃၁ |
| ၂၈။ | ဗလီဝတ်ကျောင်းတော်၌လောကီရေးစကားများပြောဆိုခြင်း | ၃၂ |
| ၂၉။ | ဗလီဝတ်ကျောင်းတော်၌ လူစုဝေး၍ | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မဟုတ်တမ်းစကားများပြောဆိုသူတို့သည် အပြစ်ဒဏ်ခံထိုက်သူများပင် | ၃၃ |
| ၃၀။ | လိုအပ်သောအခါ ဗလီတွင် စကားပြောဆိုပိုင်သည့်အခြေအနေ | ၃၄ |
| ၃၁။ | အဆွှဟာဗ်တော်များအပေါ် မဟုတ်မမှန်စွတ်စွဲချက် | ၃၅ |
| ၃၂။ | ဗလီဝတ်ကျောင်းတော်၌ ပြုပိုင်ခွင့်ရှိသောကိစ္စရပ်များအား | ၃၆ |
| ၃၃။ | ဗလီဝတ်ကျောင်းတော်၏ ရှိသေသမှုနှင့် ဗလီတွင်အသံကျယ်လောင်စွာပြောဆိုခြင်း | ၃၇ |
| ၃၄။ | ဗလီဝတ်ကျောင်းတော်တွင် ပြုပိုင်ခွင့်ရှိသောကိစ္စရပ်များနှင့် ပြုပိုင်ခွင့်မရှိသော ကိစ္စရပ်များ | ၃၈ |
| ၃၅။ | ဗလီဝတ်ကျောင်းတော်တွင် ငွေပေးချေမှုအားလက်ခံရယူခြင်း | ၃၉ |
| ၃၆။ | ဗလီဝတ်ကျောင်းတော်တွင် အရောင်းအဝယ်ကိစ္စပြုလုပ်ခြင်း | ၄၁ |
| ၃၇။ | ဗလီဝတ်ကျောင်းတော်တွင် အရောင်းအဝယ်ပစ္စည်းများထားပိုင်ခွင့်ရှိပါ၏လော | ၄၂ |
| ၃၈။ | ဗလီဝတ်ကျောင်းတော်၌ အိပ်ခြင်းနှင့်စားသောက်ခြင်း | ၄၃ |
| ၃၉။ | ခရီးသည်အနေဖြင့် ဗလီထဲတွင်တည်းခိုခြင်း | ၄၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၀။ | ဗလီဝတ်ကျောင်းတော်တွင်လမ်းလျှောက်ခြင်း | ၄၄ |
| ၄၁။ | ဗလီဝတ်ကျောင်းတော်တွင် နိကာဟ်ပြုခြင်း နှင့်မုန့်အချိုဝေငှခြင်း | ၄၅ |
| ၄၂။ | ဗလီဝတ်ကျောင်းတော်တွင်အလှူငွေ ကောက်ခံခြင်း | ၄၆ |
| ၄၃။ | ဗလီဝတ်ကျောင်းတော်တွင်စိုက်ပျိုးထားသော အပင်များ၊ သီးနှံများနှင့်စပ်လျဉ်းသည့် အမိန့်ပညတ်ချက် | ၄၇ |
| ၄၄။ | ဗလီဝတ်ကျောင်းတော်နှင့်အိဒ်ဂါသို့(၇)နှစ်အောက် ကလေးငယ်များအားခေါ်ဆောင်လာခြင်း | ၄၉ |
| ၄၅။ | ဗလီအုပ်ချုပ်သူ | ၅၀ |
| ၄၆။ | ဗလီပိုင်ငွေအား သုံးပိုင်ခွင့်ရှိသော အခြေအနေများ | ၅၂ |
| ၄၇။ | ဗလီပိုင်ငွေအားသုံးပိုင်ခွင့်ရှိသောအခြေအနေ | ၅၃ |
| ၄၈။ | ဗလီပိုင်ငွေအားသုံးပိုင်ခွင့်မရှိသောအခြေအနေ | ၅၅ |
| ၄၉။ | ဗလီပိုင်ငွေမှနမာဇ်လာရောက်ဝတ်ပြုသူအတွက် သောက်ရေအစီအစဉ်ပြုလုပ်ခြင်း | ၅၆ |
| ၅၀။ | ဗလီဘဏ္ဍာရေးမှူးအနေဖြင့် ဗလီပိုင်ငွေအား မိမိလိုအပ်ချက်အတွက် သုံးစွဲခြင်းမပြုပိုင် | ၅၆ |
| ၅၁ | ဗလီပိုင်ငွေနှင့် ဗလီပစ္စည်းပစ္စယများအား မဒ်ရဆာဟ်ကျောင်းများတွင်သုံးစွဲပိုင်ခွင့်မရှိခြင်း | ၅၇ |

بسم الله الرحمن الرحيم

# ဂျန္နသ်ဥယျာဉ် (၁) မတ်စ်ဂျိဒ်ဝတ်ကျောင်းတော်

## မတ်(စ်)ဂျိဒ်ဝတ်ကျောင်းတော်ဆိုသည်မှာ . . .

အကြင်မွတ်စ်လင်မ်တစ်ဦးတစ်ယောက်က အလ္လာဟ်အရှင်မြတ်အား''ဆွလာသ်''ဝတ်ပြုဆည်းကပ်ရန်အတွက် ''ဝကဖ်''ပြုလှူဒါန်းလိုက်သော ''မြေ'' (သို့မဟုတ်)''နေရာ''ကိုခေါ်ဆို၏။

## မတ်(စ်)ဂျိဒ်ဗလီဝကဖ်ဆိုသည်မှာ . . .

မပြုမနေရ ဖရ်ဇ်တာဝန်ဖြစ်သည့် ဆွလာသ်ဝတ်ပြုဆည်းကပ်ရန်အတွက် မိမိ၏ပိုင်ဆိုင်မှုမှ ထုတ်နုတ်ကာ အလ္လာဟ်အရှင်မြတ်၏ ပိုင်ဆိုင်မှုသို့ လှူဒါန်းပေးအပ်လိုက်ခြင်းပင်ဖြစ်၏။ ထိုသို့ဝကဖ်ပြုလှူဒါန်းသော မြေကွက်ပေါ်တွင် တည်ဆောက်ထားသော အဆောက်အဦး လည်း ပူးတွဲပါရှိရန်အရေးမကြီးပေ။ ထိုဝကဖ်ပြုလှူဒါန်းလိုက်သော မြေနေရာသတ်မှတ်ချက် ဧရိယာအတွင်းရှိနေရာအစိတ်အပိုင်းအားလုံး သည် ''မတ်စ်ဂျိဒ်'' ဗလီဝတ်ကျောင်းတော်ပင်ဖြစ်သည်။

ဗလီဝတ်ကျောင်းတော်ဖြစ်ရန်အတွက် လှူဒါန်းမည့် ''ဝကဖ်'' မြေပေါ်၌ တည်ဆောက်ထားသော အဆောက်အဦ ပါရှိရန်အရေးမကြီးပေ။ ဗလီဝတ်ကျောင်းတော်အတွက် ဝကဖ်ပြု လှူဒါန်းလိုက်သော မြေနေရာအစိတ်အပိုင်းပေါ်တွင် အဆောက်အဦတစ်စုံတစ်ရာမပါရှိလျှင်လည်း ထိုနေရာသည် မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်ပင်ဖြစ်၏။

ကြည့်(အင်မ်ဒါဒုလ်ဖသာဝါ၊ သွာဟ်သွာဝီ၊ ဒုရ်ရေမုခ်သာရ်ကျမ်း)

# မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်ဟူသည်

## ဗလီဝတ်ကျောင်းတော်ဟူသည်မှာ . . .

စကြာဝဠာတစ်ခုလုံးကို စိုးပိုင်တော်မူသောအရှင်သခင်၏ နန်းတော်တစ်ခုပင်ဖြစ်၏။ ထို့ကြောင့် ဗလီဝတ်ကျောင်းတော်၌ သွားရောက်၍ နမာဇ်ဝတ်ပြုခြင်းသည် မိမိအရှင်သခင်၏ နန်းတော်တွင် ဝင်ရောက်ခစားခြင်းပင်ဖြစ်၏။

လူတို့သည် ဘုရင့် နန်းတော်ထဲသို့ ဝင်ရောက်သောအခါ အဘယ်မျှ ခယရိုကျိုးစွာဖြင့် ဘုရင့်ရှေ့တော်မှောက်၌ အခစားဝင်ကြလေသနည်း။ အလ္လာဟ်အရှင်မြတ်သည် ဘုရင့်တကာ ဘုရင်ဖြစ်တော်မူ၏။ ထို့ကြောင့် ထိုဘုရင့်တကာဘုရင်၏ထံတော်ပါးဝယ် ခစားဝင်သောအခါ ကျွန်ုပ်တို့သည် အဘယ်မျှကြောက်ရွံ့ရိုသေခန့်ညားရမည်ကို ဆင်ခြင်သုံးသပ်သင့်ပေ၏။

ထို့ကြောင့် ဗလီဝတ်ကျောင်းတော်ထဲသို့ သွားရောက်ခြင်းမှာ မိမိအရှင်သခင်၏ရှေ့တော်မှောက်ဝယ် ခန့်ညားရိုသေခယစွာ မတ်တပ်ရပ်ကာ မိမိသည် သေးသိမ်လှသော ကျွန်တစ်ဦးဖြစ်ကြောင်းနှင့် အလ္လာဟ်အရှင်မြတ်သည် ကြီးမားမြင့်မြတ်လှသော အရှင်သခင်ဖြစ်တော်မူကြောင်းကို မြွက်ဟဝန်ခံပြောဆိုခြင်းပင်ဖြစ်ရပေမည်။ ဤသည်ကပင် ဆွလာသ်ဝတ်ပြုမှု၏ အဓိကအကြောင်းရင်းဖြစ်၏။

ထို့ကြောင့် ဗလီဝတ်ကျောင်းတော်၌ ဈေးရုံများကဲ့သို့ ဆူဆူညံညံပြုလုပ်ခြင်း၊ ညစ်ညမ်းမှုများပြုလုပ်ခြင်းသည် ကြီးမားသောပြစ်မှုထိုက်ပေ၏။ ကြည့် **(အလ်ကလာမုလ်ဟာစ်န်)**

# အကောင်းဆုံးသောနေရာမှာ ဗလီဝတ်ကျောင်းတော်ဖြစ်ပြီး ဆိုးရွားသောနေရာမှာ ဈေးတန်းများပင်ဖြစ်ခြင်း

**ဟဒီးစ်တော်တစ်ရပ်တွင်လာရှိသည်မှာ . . . .**

တစ်ရံရောအခါက လူတို့သည် တမန်တော်မြတ် ﷺ အား "ဆိုးရွားသောနေရာမှာ မည်သည့်နေရာဖြစ်ပြီး အကောင်းမွန်ဆုံးသော နေရာမှာမည်သည့်နေရာဖြစ်ပါကြောင်း" လျှောက်ထားမေးမြန်းကြကုန်၏။

ထိုအခါ တမန်တော်မြတ် ﷺ က –

"ငါကိုယ်တော်မသိရှိပါကြောင်း" ဖြေကြားတော်မူ၏။

တစ်ဖန် တမန်တော်မြတ် ﷺ သည် ကောင်းကင်တမန် ဂျိဗ်ရာအီလ် عليه السلام အား မေးတော်မူလေ၏။

ဤတွင် ဂျိဗ်ရာအီလ် عليه السلام ကောင်းကင်တမန်က –

"မိမိသည်လည်း မသိရှိကြောင်း" ထို့ကြောင့် အလ္လာဟ်အရှင်မြတ်ထံတော်ပါး၌ လျှောက်ထားမေးမြန်း၍ ဖြေကြားပါမည့်အကြောင်း လျှောက်တင်လေ၏။

ထို့နောက် ဂျိဗ်ရာအီလ် عليه السلام ကောင်းကင်တမန်သည် ထိုကိစ္စရပ်ကို လျှောက်ထားမေးမြန်းရန် အရှင်မြတ်ထံတော်ပါးသို့ ကြွမြန်းတော်မူလေ၏။ ထိုအခါ ဂျိဗ်ရာအီလ် عليه السلام ကောင်းကင်တမန်သည် ထိုကိစ္စရပ်အား လျှောက်ထားမေးမြန်းရန် အကြောင်းခံဖြင့် အဘယ်မျှပင်

အလ္လာဟ်အရှင်မြတ်နှင့်နီးကပ်မှုရရှိခဲ့သည်ဆိုသော် –

ကောင်းကင်တမန်ကြီးက ပြောကြားတော်မူသည်မှာ...

**"ကျွန်ုပ်သည်မည်သည့်အခါကမျှမရရှိခဲ့သည့်လိုက်ကာ(၇၀)သာ ကွာဝေးသည့်နီးစပ်မှုကို ရရှိခဲ့လေ၏။"**

ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် ကောင်းကင်တမန်၏ အကြားတွင် လိုက်ကာ(၇၀)သာ ခြားနားလေ၏။

ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ထိုလျှောက်ထားမေးမြန်းမှုနှင့်ပတ်သက်၍ ဤသို့မိန့်ကြားတော်မူလေ၏။

အထက်ပါ အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်အားပြန်လည် သုံးသပ်ကြည့်ပါလျှင် ဗလီဝတ်ကျောင်းတော်သည် အလ္လာဟ်အရှင်မြတ်၏'ဇိက်ရ်'တသပြုရသောနေရာဖြစ်ပြီး ဈေးရုံများသည် လောကီရေးကိစ္စများကိုသာ ပြောဆိုကြသောနေရာဖြစ်ကြောင်း သိရှိရလေ၏။

ထို့ကြောင့် ထိုနေရာနှစ်ခု၏အခြေအနေမှာ ဆန့်ကျင်ဘက်ဖြစ်၏။ ဤသည်ဖြင့်သိရှိရသည်မှာ ဗလီဝတ်ကျောင်းတော်တည်ဆောက်ခြင်း၏အဓိကရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်အား သတိရ တသရန်သာဖြစ်၏။

ထို့ကြောင့် ဗလီဝတ်ကျောင်းတော်တွင် လောကီရေးကိစ္စရပ်များပြောဆိုခြင်းသည် ဗလီဝတ်ကျောင်းတော်အား ဈေးများအဖြစ်ပြုလုပ်ခြင်းပင်ဖြစ်၏။ ဗလီဝတ်ကျောင်းတော်အား ဈေးများကဲ့သို့ပြုလုပ်ခြင်းသည် ဗလီဝတ်ကျောင်းတော်အား မှောင်မိုက်ခြောက်သွေ့စေခြင်းပင်ဖြစ်၏။ ကြည့် [အာဒါဗုလ်မစာဂျိဒ်ကျမ်း]

# """မတ်စ်ဂျိဒ်""" ဗလီဝတ်ကျောင်းတော်အား စည်ကားသိုက်မြိုက်စေသူတို့အတွက် အီမာန်၏ သတင်းကောင်း

**အဗူစအီးဒ်ခုဒ်ရီ ﷺ သခင် ဆင့်ပြန်တော်မူခဲ့သည်။**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ–

''အသင်တို့သည် ဗလီဝတ်ကျောင်းတော်အား စောင့်ရှောက်သောသူကို တွေ့မြင်သောအခါထိုသူ၏အီမာန်နှင့် ပတ်သက်၍ အသင်တို့ သက်သေပေးကြလေကုန်။ အဘယ်ကြောင့်ဆိုသော်အလ္လာဟ်အရှင်မြတ်(ထိုသူတို့နှင့်ပတ်သက်၍)မိန့်တော်မူထားသည်မှာ–

**အဓိပ္ပါယ် ။ ။**

''အလ္လာဟ်'' အရှင်မြတ်၏ဗလီကျောင်းတော်များကို အကြင်သူတို့သည်သာလျှင် စည်ကားသာယာအောင် ပြုနိုင်ကြပေသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊နောက်ဆုံးနေ့ကိုလည်းကောင်း၊ ယုံကြည်ကြသည့်အပြင် ထိုသူတို့သည် စွဲမြဲစွာ 'ဆွလာသ်'ဝတ်ပြုခြင်းကိုလည်းကောင်း၊'ဇကားသ်'တရားဝင်ဒါနကြေးပေးဆောင်ခြင်းကိုလည်းကောင်းပြုကြကုန်သည်။ ထို့မှတစ်ပါး 'အလ္လာဟ်'အရှင်မြတ်အပြင် မည်သူတစ်ဦးတစ်ယောက်ကိုမျှကြောက်ရွံ့ကြသည်လည်းမရှိချေ။ သို့ဖြစ်ပေရာ ယင်းတို့သည် တရားလမ်းမှန်ရရှိရန် မျှော်လင့်ကြရာပေသတည်း။'' [ကုရ်အာန်–၉ း ၁၈]

# ဗလီဝတ်ကျောင်းတော်တည်ဆောက်ခြင်း၏ ထူးမြတ်မှုနှင့်အကျိုးထူး

**ဂျာဗိရ်ဗင်န်အဗ်ဒွလ္လာဟ် ﷺ သခင်ဆင့်ပြန်တော်မူခဲ့သည်မှာ**

"အကြင်သူသည် (ဗလီဆောက်ရာတွင်) ငှက်သိုက်အရွယ်ပင် (ပါဝင်)တည်ဆောက်ခဲ့ပါလျှင်သော်လည်းကောင်း (သို့)ဆောက်တည်မှုတွင် ထိုထက်ပင်သေးငယ်သောနေရာခန့်ပါဝင်ခဲ့ပါလျှင်လည်းကောင်း အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အတွက် ဂျန္နသ်သုခဘုံတွင် အိမ်တစ်လုံး တည်ဆောက်စေတော်မူလိမ့်မည်။" ကြည့် [အိဗ်နေမာဂျာဟ်ကျမ်း]

**မှတ်ချက်။** ။ အထက်ပါဟဒီးစ်တော်အရ တည်ဆောက်နေဆဲ ဗလီတွင် အလှူငွေပေးခြင်း၏အကျိုးကျေးဇူးမည်မျှရှိကြောင်းကိုလည်း သိရှိရပေ၏။ အဘယ်ကြောင့်ဆိုသော်"ငှက်သိုက်အရွယ်"တည်ဆောက် ခြင်းဟူသောစကားရပ်၏ဆိုလိုရင်းမှာ... ဗလီတစ်ဆောင်လုံး အား မတည်ဆောက်နိုင်၍ ဗလီတည်ဆောက်ခြင်း (သို့) ဗလီပြုပြင် မွမ်းမံရာတွင် အနည်းငယ်ပါဝင်ခြင်းပင်ဖြစ်၏။

ထို့နောက်အထက်ပါဟဒီးစ်တွင်ပါရှိသည့် ထိုတည်ဆောက်ခဲ့သည်နှင့်အမျှ ဂျန္နသ်သုခဘုံတွင် အိမ်တော်တစ်ခုရရှိမည်ဟု ဆိုလိုခြင်းမှာ–ဗလီတည်ဆောက်မှုနှင့်မွမ်းမံပြင်ဆင်မှုတွင် ငှက်သိုက်ပမာ ပါဝင်လှူဒါန်းခဲ့ပါလျှင် ယင်းအတွက် ဂျန္နသ်ထဲတွင် ငှက်သိုက်အရွယ်ပမာ အိမ်တစ်လုံးတည်ဆောက်လေ၏ဟု ဆိုလိုခြင်းလုံးဝမဟုတ်ပေ။

ထိုစကားလုံး၏ဆိုလိုရင်းမှာ– ထိုပေးလှူသူ၏ အိခ်လာဆ်

စိတ်စေတနာဖြူစင်သန့်ပြန့်သည်နှင့်အမျှ ဂျန္နသ်တွင် ကျယ်ဝန်း တင့်တယ်သောအိမ်ကိုရရှိမည်ဖြစ်၏။

**အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ သခင်ဆင့်ပြန်တော်မူခဲ့၏။**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ-

"အကြင်သူသည် အလ္လာဟ်အရှင်မြတ်အတွက် ဗလီတည်ဆောက်ခဲ့ပါလျှင် ထိုသူအတွက် ဂျန္နသ်သုခဘုံတွင် အိမ်တစ်လုံးတည်ဆောက်စေလိမ့်မည်ဖြစ်၏။ ထိုအိမ်သည် ထိုဗလီထက် အဆပေါင်းများစွာ ကျယ်ဝန်းပေလိမ့်မည်။"

## ဗလီအဟောင်းအားပြန်လည်မွမ်းမံခြင်း၏ထူးမြတ်မှု

**အွတ်စ်မားန် ﷺ သခင် ဆင့်ပြန်တော်မူခဲ့သည်။**

တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူခဲ့သည်မှာ...

'အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏ကျေနပ်နှစ်သက်မှုရရှိရန် ရည်ရွယ်ချက်သက်သက်ဖြင့် ဗလီဝတ်ကျောင်းတော်အား ပြန်လည် မွမ်းမံခြင်းဖြစ်ပြီး အခြားမမှန်ကန်သော ရည်စူးချက် တစ်စုံတစ်ရာ မပါရှိပါလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အတွက် ထိုကဲ့သို့ပင် ဂျန္နသ်သုခဘုံတွင် အိမ်တစ်လုံးတည်ဆောက်စေတော်မူလိမ့်မည်။"

**အထူးသတိပြုရန်** ။ ။ အထက်ပါ ဟဒီစ်တော်အရ ဗလီဝတ်ကျောင်းတော်အားတည်ဆောက်ရာတွင်လည်းကောင်း၊ ပြန်လည် မွမ်းမံရာတွင်လည်းကောင်း နီယသ်ရည်စူးချက်မှန်ကန်ရန် အရေးကြီးကြောင်း သတိပေးနေလေ၏။ ထို့အတူ ဗလီအသစ်တည်ဆောက်ခြင်းမဟုတ်ဘဲ ဗလီ

အပေါင်းအား ပြန်လည်မွမ်းမံပြုပြင်ခြင်းဖြစ်ပါလျှင် ယင်းနှင့်ပတ်သက်၍လည်း ရရှိမည့်အကျိုးကျေးဇူးကိုလည်း ဖော်ပြနေခြင်းဖြစ်၏။

အဘယ်ကြောင့်ဆိုသော်... ဒွတ်(စ်)မာန်း ﷺ သခင်သည် 'မတ်စ်ဂျိဒေနဗဝီ' ဗလီဝတ်ကျောင်းတော်အား ပြန်လည်မွမ်းမံပြီးနောက် အထက်ပါဟာဒီစ်တော်အား ဆင့်ပြန်ခဲ့ခြင်းဖြစ်၏။ ထို့အတူ အခြားဟာဒီစ်တော်များဖြင့် ပြန်လည်မွမ်းမံခြင်း၏ အကျိုးကျေးဇူးအား သိရှိရလေ၏။

ကြည့် [ဟယာသုလ်မွတ်စ်လိမီးန်]

## ဟလာလ်သမာအာဇီဝဖြင့်ရှာဖွေထားသောဥစ္စာမှ ဗလီဝတ်ကျောင်းအားတည်ဆောက်ပြုပြင်မွမ်းမံခြင်း၏ထူးမြတ်မှု

**အဗူဟုရိုင်ရဟ် ﷺ သခင် ဆင့်ပြန်တော်မူခဲ့သည်။**

တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူခဲ့သည်မှာ...

'အကြင်သူသည် အိဗာဒသ်ဆည်းကပ်ဝတ်ပြုနိုင်ရန်အတွက် ဟလာလ်သမာအာဇီဝဖြင့် ရှာဖွေထားသောဥစ္စာမှ တစ်စုံတစ်ရာသော ဗလီအဆောက်အဦအား တည်ဆောက်ခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အတွက် ဂျန္နသ်သုခဘုံတွင်ပုလဲနှင့်ကျောက်သံပတ္တမြားဖြင့်ပြီးသော အိမ်အား ဆောက်စေတော်မူလိမ့်မည်။ [သွိဗ်ရာနီကျမ်း]

**မှတ်ချက်** ။ ။ ဗလီဝတ်ကျောင်းတော်နှင့်ပတ်သက်၍ ဟလာလ်သန့်ပြန့်၍ သမာအာဇီဝဖြင့်ရှာဖွေရရှိထားသောဥစ္စာမှ အသုံးပြုပြီးဟရာမ်မသန့်ပြန့်သောအရာ မပါဝင်စေရန် သတိထားရန် အလွန်အရေးကြီးလှပေ၏။ ထိုသို့ ဗလီဝတ်ကျောင်းတော်နှင့်ပတ်သက်၍ အသုံးချသောအခါ

ငွေသော်လည်းကောင်း၊ တည်ဆောက်မှုဆိုင်ရာ ပစ္စည်းများသော်လည်း ကောင်း၊ မြေကွက်သော်လည်းကောင်း၊ တရားသော''ဟလာလ်''နည်း ဖြင့် ရရှိထားခြင်းဖြစ်ရပေမည်။ အချို့သူတို့ သည် မြေရှင်၏ ခွင့်ပြုချက် (သို့) သဘောတူညီချက်မရရှိဘဲ ဗလီဝတ်ကျောင်းတော် တည်ဆောက် လိုက်လေ၏။ တစ်ဖန် ထိုသို့ခွင့်မဲ့စွာ တည်ဆောက်မှုအပေါ် ကန့်ကွက် လာပါလျှင် ထိုအခါ ရန် ပြဿနာပြုလုပ်၍ အသက်ကိုပင် စတေးရန် အသင့်ပြင်လိုက်ကြလေ၏။ထို့နောက်ယင်းပြုခြင်းအား အစ္စလာမ် သာသနာတော်အတွက် အလွန်အရေးကြီးသော လုပ်ဆောင်ချက်အား ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ယူဆကြလေ၏။ တစ်ဖန်မြေရှင် သည် မွတ်စလင်မ်မဟုတ်ခဲ့ပါလျှင် ထိုအခါ ယင်းပြဿနာအား မွတ်စ လင်မ်နှင့်ကာဖိရ်၏ ပြဿနာအသွင်သို့ ဆောင်သွားစေတော့၏။

ကောင်းစွာ မှတ်သားထားကြလေကုန်။ ထိုကဲ့သို့ မြေပေါ်တွင် တည်ဆောက်လိုက်သော အဆောက်အဦသည် ရှရီအသ်တရားတော် တွင် ဗလီဝတ်ကျောင်းတော်ပင်မဟုတ်ချေ။ သို့သော် အကယ်၍ မြေပိုင် ရှင်၏ သဘောတူညီချက်ဖြင့် မိမိတို့၏ ပိုင်ဆိုင်မှုသို့ တရားဝင်ရယူပြီး တစ်ဖန်မိမိပိုင်ဆိုင်မှုအား အလ္လာဟ်အရှင်မြတ်၏ ပိုင်ဆိုင်မှုသို့ ''ဝကဖ်'' ပြုလှူဒါန်းလိုက်ပါမှ ဗလီကျောင်းတော်တည်ဆောက်ပိုင်ခွင့်ရှိပေမည်။

## ဗလီဝတ်ကျောင်းအားသန့်ရှင်ရေးပြုလုပ်ခြင်း၏အကျိုးကျေးဇူး

**အဗူကရ်ဆွဖဟ် ﷺ သခင်သည် ရှည်လျားသော ဟဒီစ် တော်တစ်ပုဒ်မှ ဆင့်ပြန်ထားပေသည်။** တမန်တော်မြတ် ﷺ မိန့် ကြားတော်မူခဲ့သည်မှာ –

"ဗလီဝတ်ကျောင်းတော်အတွင်းမှ အမှိုက်သရိုက်များကို ဖယ်ရှားပစ်ခြင်းသည် မျက်ဝန်းကြီးလှသော ဟူရ်ကညာပျိုတို့၏ 'မဟာရ်' ပင်ဖြစ်သည်။" ကြည့် [သွိဗ်ရာနီကျမ်း]

**အဗူစအီဒ်ခွဒ်ရီ ﷺ သခင် ဆင့်ပြန်တော်မူခဲ့သည်။**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ –

"အကြင်သူသည် ဗလီဝတ်ကျောင်းတော်အတွင်းမှ (လူတို့အား) ဒုက္ခသင့်စေသောအရာ (ဥပမာ အမှိုက်သရိုက်၊ ခဲလုံး၊ အဆူးတစ်စုံတစ်ရာစသည်) များအား ဖယ်ရှားခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့အတွက် ဂျန္နသ်သုခဘုံတွင် အိမ်တော်တစ်ဆောင်တည်ဆောက်စေတော်မူ၏။" ကြည့် [အိဗ်နေမာဂျဟ်ကျမ်း]

**ဝါဟိလဟ် ဗင်န် အတ်စ်ကအ် ﷺ သခင် ဆင့်ပြန်ထားသည့် ရှည်လျားသော ဟဒီစ်တော်တစ်ပုဒ်တွင် ဤသို့ပါရှိ၏။**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ –

"ဗလီဝတ်ကျောင်းတော်များ၌ သောကြာနေ့များတွင် အမွှေးအကြိုင်၏ အငွေ့အသက်များ ရရှိစေလော့။" [သွိဗ်ရာနီကျမ်း]

**မှတ်ချက်** ။ ။ အထက်ပါဟဒီးစ်တော်တွင်ပါရှိသည့် သောကြာနေ့ဆိုသည်မှာ ထိုနေ့ပင်ဟူ၍ သတ်မှတ်ချက်မရှိပေ။ ထိုသို့ သောကြာဟု မိန့်ကြားရခြင်းမှာ သောကြာနေ့တွင် လူပေါင်းစုံလာရောက်ဝတ်ပြုကြလေ၏။ ထို့ကြောင့် တစ်ခါတစ်ရံ မွှေးရနံ့များဖြန့်ဖြူးခြင်း၊ မွှေးကြိုင်သော အငွေ့အသက်များ ပြန့်စေခြင်း စသည်များအားလုံး အတူတူပင်ဖြစ်၏။

# ဗလီဝတ်ကျောင်းတော်အတွင်း တံမြက်စည်းလှည်းခြင်း၏ထူးမြတ်မှု

**အဗူစအီဒ်ခွဒ်ရီ ﷺ သခင်ဆင့်ပြန်တော်မူခဲ့မှာ . . .**

"မည်းနက်နေသော နီဂရိုးအမျိုးသမီးတစ်ဦးသည် ဗလီဝတ်ကျောင်းတော်တွင် အမြဲတစ်စေ "တံမြက်စည်းလှည်းလေ့ရှိခဲ့၏။ ညတစ်ညတွင်ထိုအမျိုးသမီးသည်ကွယ်လွန်သွား၏။ နံနက်မိုးလင်းသောအခါ ယင်းအမျိုးသမီးကွယ်လွန်ကြောင်းနှင့် ပတ်သက်၍ တမန်တော်မြတ် ﷺ ထံပါးသို့ သတင်းပို့ကြ၏။"

ထိုအခါ တမန်တော်မြတ် ﷺ က ငါကိုယ်တော်အား အဘယ်ကြောင့် အချိန်မီ သတင်းမပေးခဲ့ကြပါသနည်း... ဟု မိန့်ကြားတော်မူခဲ့သည်။ ထို့နောက် အဆွ်ဟာဗ်တော်များအား ခေါ်ဆောင်၍ သူမ၏ ကဗရ်သို့ ကြွမြန်းတော်မူ၏။ ထို့နောက် သက္ကဗီရ်ရွတ်ဆိုလေ၏။ (ဆိုလိုသည်မှာ ဂျနာဇဟ်နမာဇ်ဝတ်ပြု၏။) ထို့နောက် ယင်းအတွက် တောင်းဆုပြုက ပြန်လည်ကြွမြန်းတော်မူခဲ့သည်။ [အိဗ်နေမာဂျဟ်ကျမ်း]

**အခြားဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်မှာ . . .**

တမန်တော်မြတ် ﷺ သည် ထိုသူသေအမျိုးသမီးအား အသင်သည် မည်သည့်အမလ်ကျင့်စဉ်ကို အမြတ်ဆုံးတွေ့ကြုံခဲ့ရပါသနည်း ဟု မေးမြန်းတော်မူ၏။ ထိုအခါ ယင်းသူမက ဤသို့ ပြောကြားလေ၏။ "ဗလီဝတ်ကျောင်းတော်တွင် တံမြက်စည်းလှည်းခြင်းပင်ဖြစ်သည်။"

ကြည့် [အဗုရှ်ရှိုင်ခ်အဆ္ဗဟာအိ]

**မှတ်ချက်** ။ ။ ဗလီတွင် တံမြက်စည်းလှည်းကျင်းသည့် နီဂရိုးအမျိုး

သမီးတစ်ဦးဖြစ်၍ အမည်မကျော်ကြား လူသိမများလှသည့်အတွက် တမန်တော်မြတ် ﷺ ကိုပင် ယင်းသေဆုံးကွယ်လွန်မှုနှင့်ပတ်သက်၍ အချိန်မီသတင်းမပို့ခဲ့ကြပေ။ သို့သော်တမန်တော်မြတ် ﷺ သည်ဗလီတွင် တံမြက်စည်းလှည်းကျင်းသူ အမျိုးသမီး၏ကွယ်လွန်မှုကို အချိန်မီသတင်းမပေးခြင်းနှင့်ပတ်သက်၍အပြစ်တင်ခဲ့သည်။ထို့နောက် အဘာယ်မျှအလေးထားကားအဆွဲဟာဗ်တော်များအားခေါ်ဆောင်၍သူမ၏ကဗရ်သို့ပင်ကြွမြန်းတော်မူခဲ့သည်။ ထို့နောက် ဂျနာဇဟ်နမာဇ် ဝတ်ပြုခဲ့၏။ ထို့နောက် တမန်တော်မြတ် ﷺ သည် ယင်းအမျိုးသမီးအတွက် အထူးတောင်းဆုတော်ပြုခဲ့၏။ တစ်ဖန် တမန်တော်မြတ် ﷺ ၏အထူးမေးမြန်းချက်အရ ထိုအမျိုးသမီးကပင် (ကဗရ်ထဲမှ) မိမိ၏ဗလီတွင်တံမြက်စည်းလှည်းခြင်းနှင့်ပတ်သက်၍ အမွန်မြတ်ဆုံးကျင့်စဉ်အဖြစ် တွေ့ကြုံသိရှိခဲ့ရကြောင်း ဖြေကြားခဲ့လေ၏။

သို့သော် ယနေ့ ဝမ်းနည်းဖွယ်ကောင်းလှသည်မှာ...

ဗလီတွင် တံမြက်စည်းလှည်းကျင်းခြင်းအားနိမ့်ကျသောလုပ်ရပ်ဟုလည်းကောင်း၊ လှည်းကျင်းသူအား အထင်မြင်သေးအဆင့်နိမ့်သူဟုလည်းကောင်း ထင်မြင်ကြလေသည်။ [ဟယာသုလ်မွတ်စ်လိမီးန်]

## ဗလီကျောင်းတော်အားမကောင်းသောအနံ့ဆိုးနှင့်ညစ်ညမ်းသောအရာများမှသန့်ရှင်းစင်ကြယ်စွာထားရန်သတိပေးချက်

**အနတ်စ် ﷺ သခင်ဆင့်ပြန်တော်မူခဲ့သည်။**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ -

"အသင်တို့သည် အနံ့ဆိုးရှားသော ဟင်းလျာများအား စား

သောက်ပြီး ဗလီထဲသို့ ဝင်ရောက်လာခြင်းမှ ရှောင်ကြဉ်ကြလေကုန်။ အကယ်၍အသင်သည် ထိုအရာများကို စားသောက်လိုပါက ထိုအရာများ၏ အနံ့အသက်ကို မီးဖြင့် ဖျောက်ပစ်လိုက်လေကုန်။ဆိုလိုသည်မှာ မီးဖြင့်ချက်ပြုတ်၍ စားသောက်လေကုန်။ အစိမ်းအတိုင်းစားကာ ဗလီဝတ်ကျောင်းတော်ထဲသို့ မလာရောက်လေနှင့်။ [သွိဗ်ရာနီကျမ်း]

**မှတ်ချက်** ။ ။ အလွန်ဆိုးရွားသော ဟင်းလျာဆိုသည်မှာ ကြက်သွန်နီ၊ ကြက်သွန်ဖြူစသည်များကဲ့သို့ အနံ့ပြင်းသော အစားအစာတိုင်းကို ဆိုလိုခြင်းဖြစ်၏။

**အာအိရှာဟ် ﷺ သခင်မ ဆင့်ပြန်တော်မူခဲ့သည်။**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ –

'တမန်တော်မြတ် ﷺ သည် ကျွန်ုပ်အား ရပ်ကွက်တိုင်းရှိ ဗလီဝတ်ကျောင်းတော်များအား စင်ကြယ်သန့်ပြန့်စွာ ထားရှိကြရန်မိန့်ကြားတော်မူခဲ့၏။' ကြည့် [အဟ်မဒ်ကျမ်း၊သိရ်မိဇီကျမ်း]

**မှတ်ချက်** ။ ။ စင်ကြယ်သန့်ပြန့်စွာ ထားရှိရမည်ဆိုသည်မှာ–

ဗလီဝတ်ကျောင်းတော်သို့ မသန့်ပြန့်သူနှင့် မသန့်ပြန့်သော အဝတ်အစား၊ မသန့်ပြန့်သောအရာများအား မသယ်ဆောင်ရန်ဆိုလိုခြင်းဖြစ်၏။ ထို့နောက် ဗလီဝတ်ကျောင်းတော်ထဲမှအမှိုက်သရိုက်များနှင့် ဖုန်များကို အမြဲတစ်စေဖယ်ရှားပစ်ကာ သန့်ပြန့်နေစေရမည်ဖြစ်၏။

ဗလီဝတ်ကျောင်းတော်အား ရိုသေလေးစားရမည်။ ယင်းအား အမြဲတစ်စေ စင်ကြယ်သန့်ပြန့်စွာထားရှိရမည်။ ဗလီဝတ်ကျောင်းတော်တွင် တံမြက်စည်းလှည်းကျင်းသင့်ပေ၏။ဗလီနှင့်ပတ်သက်သောအရေးတစ်ကြီးကိစ္စရပ်များအား အမြဲသတိထားဆောင်ရွက်ရပေမည်။ ထို

နောက် ဗလီထဲတွင် လောကီရေးနှင့်သက်ဆိုင်သည့် စကားရပ်များအား လုံးဝမပြောကြရန် အထူးသတိထားရှောင်ရှားရပေမည်။

## ဗလီဝတ်ကျောင်းတော်၌သာသနာ့ပညာထိုင်ဝိုင်းပြုလုပ်ခြင်း၏ လိုအပ်ချက်နှင့်အကျိုးထူးမြတ်မှု

**အဗူအုမာမဟ် ﷺ သခင်ဆင့်ပြန်တော်မူသည်။**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ –

"အကြင်သူသည် သာသနာ့ပညာသင်ယူဆည်းပူးရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း (သို့) သာသနာ့ပညာသင်ကြားပို့ချရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း ဗလီဝတ်ကျောင်းတော်သို့ သွားရောက်ခဲ့လျှင် ထိုသူအား "ဟဂျ်"ပြုသူနှင့်အညီ ကုသိုလ်အကျိုးတူရရှိလေ၏။

ကြည့် [သွိဗ်ရာနီကျမ်း]

**မှတ်ချက်** ။ ။ အထက်ပါ ဟဒီစ်တော်အရ သိရှိရသည်မှာ...

ဗလီဝတ်ကျောင်းတော်သည် နမာဇ်ဝတ်ပြုရန် ဖြစ်သကဲ့သို့ သာသနာ့ပညာသင်ယူဆည်းပူးရန်အတွက်လည်းဖြစ်၏။ထို့ကြောင့်ဗလီတွင် သာသနာ့ပညာ ပို့ချပေးနိုင်သော သာသနာ့ပညာရှင်ကိုသာထားသင့်၏။ ဗလီတည်ရှိသော ရပ်ကွက်သူရပ်ကွက်သား များ၏တာဝန်မှာ ဗလီတွင် မှန်ကန်သောသာသနာ့ပညာရပ်များအား သင်ကြားပို့ချပေးနိုင်သော စစ်မှန်သောသာသနာ့ပညာရှင်များအား ထားရပေမည်။ ထိုသာသနာ့ပညာရှင်များအနေဖြင့် အမြဲတစေ ရပ်ကွက်သူ/သားများအား သာသနာရေးနှင့် ပတ်သက်သည့် ဆိုဆုံးမချက်များကို ပြသသင်ကြားဆုံးမသွန်သင်ရပေမည်။

# ဗလီဝတ်ကျောင်းတော်သို့လာရောက်ခြင်း၏ထူးမြတ်မှု

**၁။ အဗူဟုရိုင်ရဟ် ﷺ သခင်ဆင့်ပြန်တော်မူခဲ့သည်မှာ–**

ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ဤသို့ မိန့်ကြားတော်မူခဲ့သည်ကိုကြားနာခဲ့၏။"(၇)ဦးသော ပုဂ္ဂိုလ်တို့အား အခြားမည်သည့် အရိပ်မျှ မရှိသည့်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် မိမိ၏အရိပ်တော်အောက်တွင် ခိုနားခွင့်ပြုတော်မူလိမ့်မည်။ ထို(၇)ဦးအနက် (၁)ဦးမှာ–

'ဗလီဝတ်ကျောင်းတော်ဘက်သို့သာ အမြဲတစ်စေ စိတ်အာရုံရောက်နေသူ''ပင်ဖြစ်၏။ ကြည့် [ဗိုခါရီကျမ်းနှင့် မွတ်စလင်မ်ကျမ်း]

**၂။ အဗွဒ်ဒါရ်ဒါအ် ﷺ သခင်ဆင့်ပြန်တော်မူခဲ့သည်မှာ–**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ...

'အကြင်သူသည် ည၏မှောက်မိုက်မှုတွင် ဗလီဝတ်ကျောင်းတော်သို့သွားခဲ့ပါလျှင် ထိုသူသည် ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်အား နူရ်အလင်းရောင်တွင် ဖူးတွေ့ရပေမည်။ [သိွမ်ရာနီ]

**၃။ အဗ်ဒွလ္လာဟ် ဗင်န် အုမရ် ﷺ သခင် ဆင့်ပြန်တော်မူခဲ့သည်။**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ"အကြင်သူသည် ဂျမာအသ်စုရုံးမှုဖြင့်နမာဇ်ဝတ်ပြုရန်ဗလီဘက်သို့ လျှောက်လှမ်းခဲ့ပါလျှင် ထိုသူ၏ခြေလှမ်းတစ်လှမ်းသည် အပြစ်ငရဲ တစ်ခုအား ချေဖျက်ပေ၏။ ထို့နောက် ခြေလှမ်းတစ်လှမ်းသည် ထိုသူအတွက် ကောင်းမှုကုသိုလ်တစ်ခုရေးမှတ်စေ၏။ ဤသည်မှာ အသွားအပြန် နှစ်ရပ်စလုံးတွင် ဖြစ်၏။ (ဆိုလိုသည်မှာ ခြေလှမ်းတိုင်းတွင် အပြစ်ငရဲတစ်ခုပပျောက်ကာ ကောင်းမှုကုသိုလ်တစ်ခုရရှိလေ၏။) [အဟ်မဒ်ကျမ်း၊ သိွမ်ရာနီကျမ်း]

# ဗလီဝတ်ကျောင်းတော်အား စိတ်မဝင်စားခြင်းသည် မကောင်းသော နိမိတ်လက္ခဏာတစ်ရပ်ပင်

သာသနာ့ပညာရှင်အကြီးအကဲတို့၏ အဆိုတစ်ရပ်လာရှိသည်မှာ 'ငါးသတ္တဝါ၏နေရာသည် ရေဖြစ်သကဲ့သို့ မုအ်မင်န်၏ နေရာသည်လည်း ဗလီဝတ်ကျောင်းတော်ပင်ဖြစ်၏။ 'ငါးအား ရေထဲမှထုတ်လိုက်လျှင် ဒုက္ခခံစားရပြီး ရေထဲ၌နေရခြင်းဖြင့် အသက်ချမ်းသာမှုရရှိပြီး ပျော်မြူးရသကဲ့သို့ မုအ်မင်န်နှင့် ဗလီ၏ဆက်နွှယ်မှုသည်လည်း ထိုသို့ပင်ဖြစ်၏။'

မုနာဖိက်အယောင်ဆောင် မွတ်စလင်မ်အတွက် ဗလီကျောင်းတော်သည် ငှက်များအဖို့ လှောင်အိမ်အတွင်းနေရသကဲ့သို့ ပင်ဖြစ်၏။ ငှက်သည် လှောင်အိမ်မှ အခွင့်အရေးရရှိသည်နှင့် အမြန်ထွက်လိုက်သကဲ့သို့ မုနာဖိက်သည်လည်း ဗလီထဲမှအမြန်ထွက်လိုသည်သာဖြစ်၏။ ထို့နောက် မုနာဖိက်တို့၏ စိတ်တွင် ဗလီဝတ်ကျောင်းတော်ဖြင့် ငြီးငွေ့ခြင်းခံစားရလေ၏။ [အသ်သဟ်ဖီဗ်ကျမ်း၊ စာ-၁၇၉]

# မိမိရပ်ကွက်၏ဗလီတွင်နမာဇ်ဝတ်ပြုခြင်း၏အကျိုးကျေးဇူး

မိမိရပ်ကွက်ရှိ ဗလီဝတ်ကျောင်းတော်တွင်နမာဇ်ဝတ်ပြုခြင်းဖြင့် နမာဇ်ပေါင်း(၂၅)ကြိမ်၏အကျိုးကုသိုလ်ရရှိလေ၏။ ထို့နောက် ဂျာမေအ် ဗလီကြီးတွင် ရှတ်ဖတ်ခြင်းဖြင့် နမာဇ်ပေါင်း (၅၀၀)၏ အကျိုးကုသိုလ် ရရှိလေ၏။ သို့သော် သာသနာ့ပညာရှင်များက မိမိရပ်ကွက်၏ဗလီတွင်ဝတ်ပြုခြင်းသည် ထိုဂျာမေအ်ဗလီတွင်ဝတ်ပြုသည့်အကျိုးကုသိုလ်ထက် သာပိုကြောင်း မိန့်ဆိုထားကြလေ၏။

## ရပ်ကွက်၏ ဗလီဝတ်ကျောင်းတော်တွင် ဝတ်ပြုသင့်ခြင်း

***အမေး ။ ။*** *အကယ်၍ ရပ်ကွက်ဗလီတွင် ဂျမာအသ်နှင့်နမာဇ်ဝတ်ပြုမှု မဖြစ်ပါ၍ အခြားရပ်ကွက်၏ဗလီသို့ ဂျမာအသ်ဖြင့်ဝတ်ပြုရန် သွားရောက်ခြင်းသည် အဘယ်သို့နည်း။ ထိုသို့သော အခြေအနေမျိုးတွင် အခြားဗလီသို့သွားရောက်ကာ ဂျမာအသ်စုရုံးမှုဖြင့် နမာဇ်ဝတ်ပြုခြင်းသည်ပိုမြတ်သလော၊(သို့)မိမိရပ်ကွက်၏ ဗလီ၌ပင်တစ်ဦးတည်းဝတ်ပြုခြင်းသည်သာ ပို၍ မြတ်ပါသလော?*

**အဖြေ ။ ။** ရပ်ကွက်၏ဗလီတွင်ဝတ်ပြုရန်မှာ ရပ်ကွက်ဗလီ၏ အခွင့်အရေးပင်ဖြစ်၏။ အကယ်၍ ဂျမာအသ်မဖြစ်၍ တစ်ဦးတည်းပင် ဝတ်ပြုရသည်ဖြစ်ပါစေ။

ဒုရ်ရေမုခ်သာရ်ကျမ်းတွင်လာရှိသည်မှာ အကယ်၍ ရပ်ကွက်ဗလီတွင်''မုအဇ်ဇင်န်''မရှိ၍ ဗလီတွင်ဂျမာအသ်ဖြင့် ဝတ်ပြုမဖြစ်ပါလျှင်လည်း (ထိုရပ်ကွက်သားများအနေဖြင့်) ရပ်ကွက်၏ ဗလီ၌သာ တစ်ဦးတည်းပင် ဝတ်ပြုသင့်ပေ၏။ **[အင်မ်ဒါဒုလ်ဖသာဝါ စာ-၆၆၂၁]**

**မှတ်ချက် ။ ။** (၅)ကြိမ်လုံး၏နမာဇ်အား ဂျာမေအ်ဗလီသို့ သွားရောက်ဝတ်ပြုခြင်းထက် မိမိရပ်ကွက်၏ဗလီတွင် ဝတ်ပြုခြင်းသည် သာပို၍မြတ်ပေ၏။ ကြည့် **[အင်မ်ဒါဒုလ်၊ တွဲ-၂၊ စာ-၆၅၅]**

## တတ်နိုင်သရွေ့မိမိရပ်ကွက်၏ဗလီ၌သာနမာဇ်ဝတ်ပြုခြင်းသင့်ခြင်း

ဟဒီစ်တော်တစ်ရပ်တွင် လာရှိသည်မှာ . . . မိမိရပ်ကွက်၏ ဗလီဝတ်ကျောင်းတော်တွင် နမာဇ်ဝတ်ပြုခြင်းဖြင့် နမာဇ်ပေါင်း (၂၅)

ကြိမ်ဝတ်ပြုခြင်း၏ အကျိုးကုသိုလ်ရရှိလေ၏။ ထို့နောက် ဂျာမေအ်ဗလီကြီးတွင် ဝတ်ပြုခြင်းဖြင့် နမာဇ်ပေါင်း (၅၀၀)၏ ကုသိုလ်အကျိုးရရှိလေ၏။ထို့နောက် ရပ်ကွက်သားတစ်ဦးအတွက်မူ အကြောင်းမဲ့သက်သက် ရပ်ကွက်ဗလီတွင် ဝတ်မပြုဘဲ ဂျာမေအ်ဗလီသို့ သွားရောက်ဝတ်မပြုသင့်ပေ။ ထိုသို့ပြုခြင်းဖြင့် အပြစ်ထိုက်ပေ၏။

အဘယ်ကြောင့်ဆိုသော် ရပ်ကွက်သားများအနေဖြင့် မိမိရပ်ကွက်သားများအနေဖြင့် မိမိရပ်ကွက်ရှိ ဗလီဝတ်ကျောင်းတော်စည်ကားသိုက်မြိုက်လာစေရန် ဝါဂျိဗ်တာဝန်ဖြစ်ပေ၏။ ထို့ကြောင့်ရပ်ကွက်ဗလီတွင်ဝတ်ပြုသူသည် မိမိရပ်ကွက်ဗလီတွင် နမာဇ်ဝတ်ပြုသည့်အပြင် မိမိရပ်ကွက်ဗလီအား စည်ကားသိုက်မြိုက်စေသော တာဝန်ကိုလည်း တစ်ဖက်မှကျေပွန်ရာရောက်ပေသည်။ မိမိရပ်ကွက်ကိုဗလီလွှတ်၍ ဂျာမေအ်ဗလီသို့သွားရောက်ဝတ်ပြုခြင်းဖြင့် မိမိရပ်ကွက် ဗလီအားစည်ကားသိုက်မြိုက်စေရန် ဝါဂျိဗ်တာဝန်အား ပျက်ကွက်ရာ ရောက်ပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုဂျာမေအ်ဗလီအား စည်ကားသိုက်မြိုက်စေရန်မှာ ထိုဂျာမေအ်ဗလီရပ်ကွက်သားများ၏ တာဝန်ပင်ဖြစ်၏။

## နမာဇ်ဝတ်ပြုရန်ရောက်ရှိလာသူတို့၏ဖိနပ်များအားဖယ်ရှား၍ မိမိဖိနပ်အားထားခြင်း

နမာဇ်ဝတ်ပြုရန် ဗလီဝတ်ကျောင်းတော်သို့ သွားရောက်သောအခါ မိမိထက်အလျင်ထားရှိသောသူတို့၏ဖိနပ်များအား ဘေးဖယ်၍ထိုနေရာတွင် မိမိဖိနပ်အား ထားရှိခြင်းသည်လုံးဝမပြုပိုင်သောကိစ္စရပ်ပင်ဖြစ်၏။ မိမိထက်အလျင်ရောက်ရှိနေသူတို့က ထားရှိနှင့်ပြီးသော

နေရာသည် ထိုသူတို့၏အခွင့်အရေးပင်ဖြစ်၏။ ထိုသူများသည် နမာဇ် ဝတ်ပြုပြီးသောအခါ မိမိတို့ချွတ်ထားသော နေရာများ၌သာ မိမိတို့၏ ဖိနပ်များကို လာရောက်ရှာဖွေပေလိမ့်မည်။ ထိုထားရှိခဲ့သောနေရာတွင် မတွေ့ရသောအခါ ပူပင်သောကဖြစ်ကာ စိတ်အနှောက်အယှက်ဖြစ် ပေလိမ့်မည်။

အချို့သူများသည် မိမိထက်အလျင် ချွတ်ထားသော ဖိနပ်များ အား ဖယ်ရှားပစ်၍ ထိုနေရာတွင် မိမိဖိနပ်အားထားလိုက်လေ၏။ ဤသို့ပြုခြင်းသည် ပြုပိုင်ခွင့်မရှိသော ကိစ္စရပ်ပင်ဖြစ်၏။

## ဗလီထဲဝင်ချိန်နှင့် ဗလီမှပြန်ထွက်ချိန်တွင် ရွတ်ဖတ်ရသောဒိုအာ

တမန်တော်မြတ် ﷺ သည် ဗလီထဲသို့ဝင်သောအခါ ရွတ်ဖတ် ရန် အောက်ပါတောင်းဆုတော်အား သင်ကြားပြသခဲ့လေ၏။

اَللّٰهُمَّ افْتَحْ لِيْ اَبْوَابَ رَحْمَتِكَ

အလ္လာဟွန်(မ) မဖ်သဟ်လီ အဗ်ဝါးဗ ရဟ်မသစ်(က)

အဓိပ္ပာယ် ။ ။ ''အို–အလ္လာဟ်၊ ကျွန်တော်မျိုးအတွက် ရဟ်မသ်၏ တံခါးကို ပွင့်စေတော်မူပါ။''

ထိုနောက် ဗလီမှပြန်ထွက်သောအခါ ဤတောင်းဆုတော်ကို ရွတ်ဖတ်ရန် ပြသတော်မူခဲ့၏။

اَللّٰهُمَّ اِنِّيْ اَسْئَلُكَ مِنْ فَضْلِكَ

အလ္လာဟွန်(မ) အင်န်နီ အတ်စ်အလုက မင်န်ဖွာဒ်လိက်

အဓိပ္ပာယ် ။ ။ "အို-အလ္လာဟ်၊ ကျွန်တော်မျိုးသည် အရှင်မြတ်ထံတော်ပါးမှ ကောင်းမှုနှင့် ချမ်းသာရမှုအား တောင်းခံပါ၏။"

## ဗလီဝတ်ကျောင်းတော်၌ တစ်ဦးတစ်ယောက်မျှ မရှိသောအခါ စလာမ်ပို့ရမည်လော?

*အမေး ။ ။ နမာဇ်ဝတ်ပြုရန် ဗလီသို့သွားသောအခါ ဗလီထဲတွင် တစ်ဦးတစ်ယောက်မျှမရှိလျှင် စလာမ်ပို့သရန် လိုအပ်ပါသလော။*

**အဖြေ။ ။** ဗလီတွင်း၌ ကောင်းကင်တမန်များရှိကြလေ၏။ ထို့ကြောင့် ဤသို့ စလာမ်မေတ္တာပို့သင့်၏။

اَلسَّلَامُ عَلَيْنَا وَعَلٰى عِبَادِ اللّٰهِ الصّٰلِحِيْنَ

အတ်စ်စလာမု အလိုင်နာ ဝအလာအိဗာဒိလ်လာဟိသွ် ဆွာလိဟီးန်

သို့သော် ထိုသို့ စလာမ်ပို့သခြင်းမှ ကောင်းမြတ်သော ကျင့်စဉ်တစ်ရပ်သာဖြစ်၏။ ဖရ်ဇ်၊ ဝါဂျိဗ်မဟုတ်ပေ။ မွတ်စ်သဟာဗ်ဖြစ်၏။

## ဗလီထဲတွင် ဇိကိရ်နှင့် အခြားအိဗာဒသ်ပြုနေသူများသာ ရှိနေလျှင် စလာမ်မပြုထိုက်ခြင်း

*အမေး ။ ။ ဗလီထဲတွင် အချို့သူများသည် ဇိကိရ်ပြုခြင်းနှင့်အခြား အိဗာဒသ်ကောင်းမှုများ ပွားနေချိန်တွင် ဗလီထဲသို့ ဝင်ရောက်လာသူ သို့မဟုတ် ဗလီမှ ထွက်သွားနေသူအား စလာမ်ပေးသင့်ပါသလော။*

**အဖြေ ။ ။** စလာမ်မပေးရချေ။ ကြည့် [ဒုရ်ရေမုခ်သာရ်ကျမ်း]

*အမေး ။ ။ ထိုသို့အခြေအနေမျိုးတွင် စလာမ်ပေးခဲ့သူအား မိမိက အမလ်အိဗာဒသ်ပြုပြီးသောအခါ စလာမ်၏ အဖြေပေးရန် လိုအပ်ပါသလော။*

အဖြေ ။ ။ ဝါဂျိဗ်မဟုတ်ပေ။ ကြည့် [ဒုရ်ရေမုခ်သာရ်ကျမ်း]

## ဗလီထဲတွင် ရှိနေသူတို့အားရိုသေလေးစားခြင်း

ဗလီဝတ်ကျောင်းတော်အား ရိုသေလေးစားရန်အရေးကြီးသကဲ့သို့ ဗလီထဲရှိ သူများအားလည်း ရိုသေလေးစားရန် အရေးကြီးပေ၏။ ထို့ကြောင့်မိမိအနေဖြင့်ဗလီထဲတွင်ရှိနေသူတစ်ဦးတစ်ယောက်အားကိစ္စတစ်စုံတစ်ရာအနှောင့်အယှက်ဖြစ်စေနိုင်သောကိစ္စရပ်အားမပြုသင့်ပေ။

ဥပမာဆိုရသော်–အခြားသူများအားသွားလာရာတွင် ဒုက္ခအခက်အခဲဖြစ်စေနိုင်သော နေရာမျိုးတွင် နမာဇ်ဝတ်မပြုသင့်ပေ။ ထို့အတူ တစ်ဦးတစ်ယောက်သောသူက နမာဇ်ဝတ်ပြုနေပါလျှင် မိမိသည်အသံကျယ်လောင်စွာဖြင့် ဇိက်ရ်မပြုသင့်ပေ။ ထိုသို့ပြုခြင်းဖြင့် နမာဇ်ဝတ်ပြုနေသူအား အနှောင့်အယှက်ဖြစ်စေနိုင်၏။

ထိုသို့ သတိထားရခြင်း၏အကြောင်းရင်းမှာ ဤသို့ဖြစ်၏။ ဟဒီးစ်တော်များတွင် ဗလီဝတ်ကျောင်းတော်များနှင့်ပတ်သက်၍ မိန့်ဆိုထားသည်မှာ... 'ဗလီဝတ်ကျောင်းတော်များသည် ဂျန္နသ်၏ဉယျာဉ်ဖြစ်၏။ ထို့နောက် ဂျန္နသ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ဒုက္ခမရောက်သင့်ပေ။'(ထို့ကြောင့် ဂျန္နသ်သားများ ဒုက္ခရောက်စေနိုင်သော မည်သည့်ကိစ္စရပ်ကိုပင် မပြုသင့်ပေ။)

ကြည့် [သတ်စ်ဟီလုလ်မဝါအိဇ်ကျမ်း၊ တွဲ–၁၊ စာ–၅၂၆]

# သဟီယသုလ်မတ်စ်ဂျိဒ်

၁။ ('သဟီယသုလ်မတ်စ်ဂျိဒ်'ဆိုသည်မှာ နဖိလ်နမာဇ်ဖြစ်၏။) ယင်းနမာဇ်သည် ဗလီထဲသို့ဝင်ရောက်လာသူအတွက် 'စွန္နသ်'ဖြစ်၏'

၂။ ယင်းနမာဇ်ကို ဝတ်ပြုရခြင်း၏ ရည်ရွယ်ချက်မှာ ဗလီဝတ်ကျောင်းတော်အား ရိုသေလေးစားခြင်းပင်ဖြစ်၏။ ဗလီဝတ်ကျောင်းတော်အား ရိုသေလေးစားခြင်းသည် အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်အား ရိုသေလေးစားခြင်းပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အဆောက်အဦအား ရိုသေလေးစားခြင်းမှာ အဆောက်အဦပိုင်ရှင်အား ရိုသေလေးစားခြင်းကြောင့်ဖြစ်လေ၏။ အရှင်သခင်မှအပ အခြားအရာအား ရိုသေလေးစားမှုပြုခြင်း လုံးဝမဟုတ်ပေ။

၃။ ဗလီထဲသို့ဝင်သောအခါ မထိုင်မီအလျှင် နမာဇ် (၂) ရကအသ်ဝတ်ပြုလေကုန်။ သို့သော် မက္ကရူးဟ်အချိန်မဖြစ်သင့်ပေ။

တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်မှာ-

'အသင်တို့အနက် တစ်ဦးတစ်ယောက်သောသူသည် ဗလီဝတ်ကျောင်းတော်ထဲသို့ သွားရောက်သောအခါ (သဟီယသုလ်မတ်စ်ဂျိဒ်) နမာဇ် (၂) ရကအသ်ဝတ်မပြုမီအလျှင် မထိုင်ပါလေနှင့်။

၄။ အကယ်၍ တစ်ဦးတစ်ယောက်က ဗလီထဲသို့ ဝင်ရောက်ပြီး ခေတ္တထိုင်ပြီးမှ နမာဇ် (၂) ရကအသ်ဝတ်ပြုပါလျှင်လည်း ပိုင်လေ၏။ မည်သို့မျှ အကြောင်းမဟုတ်ချေ။ သို့သော် မထိုင်မီအလျှင် ဝတ်ပြုခြင်းက သာပို၍ မြတ်ပေ၏။

၅။ အကယ်၍ ဗလီထဲတွင် အကြိမ်ကြိမ်ဝင်ထွက်ရန် အရေးပေါ်ခဲ့ပါ

လျှင် ထိုသို့အခါမျိုးတွင် တစ်ကြိမ်တည်းဝတ်ပြုခြင်းလည်း လုံလောက်ပေ၏။ ထိုသို့ဝတ်ပြုခြင်းသည် ဦးစွာပထမ ဝင်ချိန်တွင် ဝတ်ပြုခြင်းဖြစ်စေ သို့မဟုတ် နောက်ဆုံးအကြိမ် ဝင်ရောက်ချိန်တွင် ဝတ်ပြုသည်ဖြစ်စေ ဝတ်ပြုပိုင်ခွင့်ရှိ၏။

၆။ အကယ်၍ ဗလီထဲသို့ ဝင်၍ ဖရ်ဇ်နမာဇ် သို့မဟုတ် အခြားစွန္နသ် နမာဇ်တစ်စုံတစ်ရာဝတ်ပြုလိုက်ပါလျှင်လည်း ထိုသဟီယသုလ် မတ်စ်ဂျိဒ်ဝတ်ပြုခြင်းအကျိုးကို ရရှိပေလိမ့်မည်။ သဟီယသုလ် မတ်စ်ဂျိဒ်နမာဇ်၏ နီယသ်ရည်စူးချက်မပါရှိပေသော်လည်း ထိုအကျိုးစဝါဗ်ကို ရရှိမည်သာဖြစ်၏။

၆။ သဟီယသုလ်မတ်စ်ဂျိဒ်နမာဇ်ဝတ်ပြုရာတွင် (၂) ရကာအသ်ဟူ၍ ပုံသေသတ်မှတ်ချက်မရှိပေ။ (၄) ရကာအသ်တွင်လည်းဝတ်ပြုနိုင်၏။

၈။ အကယ်၍ အဆွာရ်နမာဇ်ပြီးချိန်ဖြစ်နေလျှင်သော်လည်းကောင်း၊ အခြားမက္ကရူဟ်ဖြစ်ချိန်သော်လည်းကောင်း နဖိလ်နမာဇ်ဝတ်ပြုခြင်းသည် မက္ကရူဟ်ဖြစ်၏။ ထို့ကြောင့် ထိုသို့သော အချိန်မျိုးတွင် အောက်ပါ အာယသ်တော်ကို ရွတ်ဖတ်ပါလေ။

سُبْحَانَ اللّٰهِ وَالْحَمْدُ لِلّٰهِ وَلَا اِلٰهَ اِلَّا اللّٰهُ وَاللّٰهُ اَكْبَرُ

စွဗ်ဟားနလ်လားဟိ ဝလ်ဟမ်ဒုလိလ်လားဟိ ဝလာအိလ်လားဟ
အိလ်လလ်လားဟု ဝလ်လားဟု အက္ကဗရ်

ထို့နောက် ဒရူဒ်ရှရီးဖ်တစ်စုံတစ်ရာအား ရွတ်ဖတ်သင့်ပေ၏။

၈။ ထိုနမာဇ်၏နီယသ်အား နှုတ်မှ ရွတ်ဆိုရန်မလိုအပ်ပေ။ အကယ်၍

နှုတ်မှ နီယသ်ရွတ်ဆိုခဲ့လျှင်လည်း အကြောင်းမဟုတ်ပေ။ ပို၍ ကောင်းမြတ်ပေ၏။ သို့မဟုတ်ပါက စိတ်ထဲ၌ပင် ဤသို့ရည်စူး လိုက်ပါ။ နီယသ်ဤသို့ဖြစ်၏။

نَوَّيْتُ اَنْ اُصَلِّى رَكْعَتَى تَحِيَّةِ الْمَسْجِدْ

**နဝိုင်သုအန် အုဆွာလ်လိယ ရကာအသိုင်း သဟီယသိလ်မတ်စ်ဂျိဒ်**

"ကျွန်တော်မျိုးသည် သဟီယသုလ် မတ်စ်ဂျိဒ် (၂) ရကာအသ် ဝတ်ပြုရန် နီယသ်ရည်စူးပါ၏။" [ဗဟဲရှ်သီဂေါ်ဟာရ်၊ တွဲ-၁၁၊ စာ-၆၄၂]

## လူများအနှောက်အယှက်ဖြစ်နိုင်သောနေရာတွင်နမာဇ်ဝတ်ပြုခြင်း

အချို့သူများသည် ဗလီထဲတွင်လူအများသွားလာရန်လမ်းပိတ် သွားစေနိုင်သည့်နေရာမျိုးတွင် နမာဇ်ဝတ်ပြုရန် နီယသ်ချည်လိုက် လေ၏။ ဥပမာ ထွက်ပေါက်တံခါးဝနားတွင်ဝတ်ပြုခြင်း၊ အနောက်မှ မထွက်နိုင်၍ အရှေ့မှလည်းဖြတ်ကျော်ရန် အခက်ဖြစ်စေသောနေရာ မျိုးတွင်ဝတ်ပြုခြင်း၊ ယင်းသို့မဖြစ်စေရန် အထူးသတိထားရမည်။ ထို့ ကြောင့် နမာဇ်ဝတ်ပြုလျှင် အခြားသူများ၏ သွားလာဖြတ်သန်းမှုတွင် အနှောက်အယှက် မဖြစ်နိုင်သည့် ဘေးတစ်ဖက်တွင် ကပ်၍ဝတ်ပြုသင့် ပေ၏။

အချို့သူများသည် အကြောင်းမဲ့ အရှေ့၌ ထိုင်နေသူ၏ကျော နောက်တွင် နမာဇ်ဝတ်ပြုရန် နီယသ်ချည်လိုက်လေ၏။ ထိုသို့ပြုခြင်း ဖြင့် ထိုင်နေသူကထပြန်လိုသောအခါ အခက်အခဲနှင့်ရင်ဆိုင်ရလေ၏။ ဤသို့ဖြင့် တစ်ဖက်သားသူသည် စိတ်အနှောက်အယှက်ဖြစ်ရလေ၏။

အချို့သူများသည် အခြားနေရာများရှိနေပါလျက်နှင့် ထိုင်နေသူ၏နောက်တွင် နမာဇ်ဝတ်ပြုရန် နီယသ်ချည်လိုက်လေ၏။ ထိုသို့ပြုခြင်းဖြင့် ရှိရ်က်၏လက္ခဏာနှင့် နီးစပ်သွားလေ၏။ တစ်ဖန်လူတစ်ဦးအား မိမိစလာမ်မလှည့်မီ အချိန်အထိ မရွေ့မလျားနိုင်ရန် ထိန်းချုပ်သကဲ့သို့ ဖြစ်သွားလေ၏။ ထို့ကြောင့် ထိုသို့ပြုခြင်းမှအထူးရှောင်ရှားသင့်ပေ၏။

## ဗလီဝတ်ကျောင်းတော်နှင့်စပ်လျဉ်း၍အချို့စည်းကမ်းချက်များ

**အိဗ်နေအုမရ် ﷺ သခင် ဆင့်ပြန်တော်မူခဲ့သည်။**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ–

အချို့သော ကိစ္စရပ်များသည် ဗလီဝတ်ကျောင်းတော်တွင် မပြုအပ်သော ကိစ္စရပ်များဖြစ်လေ၏။

၁။ ဗလီဝတ်ကျောင်းတော်အား သွားရာလမ်းအဖြစ်မပြုသင့်ပေ။

(အချို့သူများသည် တစ်ဖက်မှ အခြားတစ်ဖက်သို့ သွားရန်နီးသည့်အတွက် ဗလီဝတ်ကျောင်းတော်မှပင် ဖြတ်လမ်းသဖွယ်ပြုကာ ဖြတ်သန်း သွားလာကြလေ၏)

၂။ လက်နက်ပစ္စည်းများကိုမသိုလှောင်ထားရပေ။ 'မြှား'များအားဖြန့်ကျဲခြင်း၊ လေးဆွဲခြင်းများမပြုသင့်ပေ။ ထို့နောက် ဗလီထဲတွင်အကြောင်းမဲ့ လက်နက်မယူဆောင်လာရပေ။

၃။ အသားစိမ်းယူဆောင်၍ ဗလီထဲမှ မဖြတ်သန်းသင့်ပေ။

၄။ ဗလီထဲတွင်မည်သူတစ်ဦးတစ်ယောက်ကိုမျှအပြစ်ဒဏ်မခတ်ရပေ။

ထို့အတူ ဗလီထဲတွင် (ရှရီအသ်တရားတော်အရ အစားပြန်

လည်းရယူပိုင်ခွင့်ရှိသော လက်စားချေမှုကိုလည်း မပြုရပေ။)

၅။ ဗလီဝတ်ကျောင်းတော်အား ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်သောဈေးအဖြစ်မပြုလုပ်ရပေ။ ကြည့် [အိဗ်နေမာဂျဟ်ကျမ်း]

## ပြုပိုင်ခွင့်ရှိသောကိစ္စရပ်များအချို့သည်လည်း ဗလီဝတ်ကျောင်းတော်တွင်ပြုပိုင်ခွင့်မရှိခြင်းအကြောင်း

ဗလီတည်ဆောက်ရခြင်း၏ရည်ရွယ်ချက်တွင်မပါရှိသောအချို့ လုပ်ပိုင်ခွင့်ရှိသည့် ကိစ္စရပ်များသည်လည်း ဗလီဝတ်ကျောင်းတော်တွင် ပြုလုပ်ပိုင်ခွင့်မရှိပေ။ အဘယ်မျှပင်ဆိုသော်. . .

"မိမိ၏ပျောက်ဆုံးသွားသော အရာနှင့်ပတ်သက်၍ပင် ဗလီထဲတွင် ကြေညာပိုင်ခွင့်မရှိပေ။ ထို့အတူ ရောင်းဝယ်ဖောက်ကားမှုပြုခြင်း၊ လောကီရေးစကားများပြောဆိုခြင်း၊ ထိုစကားပြောဆိုရန်အတွက် ဝိုင်းဖွဲ့ထိုင်ခြင်း၊ အနံ့အသက်ပြင်းပြီး အနံ့အသက်ဆိုးဝါးသော အစားအစာတစ်စုံတစ်ရာအား စားသောက်၍ ဗလီသို့သွားခြင်း စသည်များမှာလုံးဝ မပြုပိုင်ချေ။"

အဘယ်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းဖြင့် ကောင်းကင်တမန်များ ဒုက္ခရောက်လေ၏။ ကြည့် [မလ်ဖူဇာသေအန်ရှ်ရဇီယာ]

**ဟဒီစ်တော်တစ်ရပ်တွင်လာရှိသည်မှာ . . .**

"ဗလီဝတ်ကျောင်းတော်များသည် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းအတွက်သာ တည်ဆောက်ရခြင်းဖြစ်၏။

သို့ပါ၍ အလ္လာဟ်အရှင်မြတ်အား သတိရတသမှုကင်းမဲ့သော

မည်သည့်ကိစ္စရပ်ပင်မဆို ဗလီထဲ၌ ပြုမူခြင်းသည် လုံးဝမပြုပိုင်ပေ။ ထိုသို့ မပြုအပ်သော ကိစ္စရပ်များအား ပြုမူခြင်းသည် ဗလီဝတ်ကျောင်းတော်အား မှောင်မိုက်စေခြင်းပင်ဖြစ်၏။

၁။ အချို့သော အခကြေးငွေရယူ၍ ပန်းချီဒီဇိုင်းရေးဆွဲသောသူများသည် ဗလီထဲတွင် ထိုင်၍ ရေးဆွဲတတ်ကြလေ၏။ ဖိကဟ်ပညာရှင်များက အဘယ်မျှပင် ရေးသားဖော်ပြထားသည်ဆိုသော်- ဗလီဝတ်ထဲတွင် အခကြေးငွေရယူ၍ သာသနာ့ပညာ သင်ကြားပို့ချခြင်းပင် ပြုပိုင်ခွင့်မရှိပေ။

၂။ ထို့အတူ ကျောင်းသားများထံမှ အခကြေးငွေရယူကာ သာသနာ့ပညာကိုပင် ဗလီထဲ၌ သင်ကြားပြသခြင်းသည်လည်း မပြုပိုင်သော ကိစ္စရပ်ပင်ဖြစ်၏။ သို့သော်ကျောင်းသားများထံမှ အခကြေးငွေမရယူဘဲ သာသနာ့ပညာသင်ကြားပို့ချခြင်းသည် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းပင်ဖြစ်၏။ ထို့ကြောင့် ပြုပိုင်၏။

၃။ ထိုသို့ပင် ဗလီတွင် ပျောက်ဆုံးခဲ့သော ပစ္စည်းတစ်စုံတစ်ရာနှင့် ပတ်သက်၍ ဗလီထဲတွင် ကြေငြာခြင်းသည် လုံးဝမပြုပိုင်ပေ။

၄။ ထို့အတူ မိမိတို့ စီးပွားရေး ကြော်ငြာများအားလည်း ဗလီအတွင်း၌ ဝေငှခြင်း လုံးဝမပြုပိုင်ပေ။

၅။ လောကီရေးအတွက် ပြုလုပ်သော အမလ်ကျင့်စဉ်တရားအား ထုတ်မှုသည် အိဗာဒသ်မဟုတ်ပေ။ ယင်းတွင် မည်သို့မျှ အကျိုးစဝါဗ်မရှိပေ။ ထိုကဲ့သို့သောအမလ်ကျင့်စဉ်များအား ဗလီထဲ၌ထိုင်၍ မပြုကျင့်သင့်ပေ။ လောကီရေးအတွက် ပြုလုပ်သော သအ်ဝီဇ်

လက်ဖွဲ့တစ်စုံတစ်ရာကိုလည်းဗလီထဲတွင် ရေးသားခြင်းမပြုသင့်ပေ။အဘာယ်ကြောင့်ဆိုသော် အခကြေးငွေရယူပြီး သအ်ဝီဇ် လက်ဖွဲ့ပြုလုပ်ပေးခြင်းသည်လည်း စီးပွားရေးပင်ဖြစ်၏။ အကယ်၍ မိမိအတွက်လောကီရေးနှင့်ပတ်သက်သည့် အမလ်ပြုကျင့်မှု တစ်စုံတစ်ရာ ပြုကျင့်ခြင်းဖြစ်ပါလျှင် စီးပွားရေးမဟုတ်ပေသော်လည်း ဗလီထဲတွင် မပြုအပ်ပေ။

၆။ ''အေ့သိကာဖ်''ထိုင်နေသူများအနေဖြင့်လည်း ဗလီထဲတွင် လေမလည်စေသင့်ပေ။ ထိုသို့ပြုလိုသောအခါ ဗလီအပြင်သို့ ထွက်သင့်ပေ၏။ သို့သော် အကယ်၍ ရောဂါတစ်စုံတရာကြောင့် အကြိမ်ကြိမ်ဆက်တိုက် လေလည်နေခြင်းမျိုးဖြစ်ပါလျှင်အကြောင်းမဟုတ်ပေ။ ထိုသို့သောအခြေအနေမျိုးတွင် 'အေ့သိကာဖ်'ကို မဖျက်ရပေ။ သို့သော်လည်း ထိုသို့ရောဂါအခြေအနေမျိုးတွင် ဗလီအပြင်သို့ထွက်၍ လေလည်စေခြင်းမှာ သာပို၍ ကောင်းမြတ်၏။ ယင်းအမိန့်သည်''အေသိကာဖ်' ဝင်နေသူနှင့် မဝင်သူအားလုံး အတွက် တန်းတူပင်ဖြစ်၏။

၇။ ဗလီအတွင်းခင်းကျင်းထားသော ကောဇောများအား အကြောင်းမဲ့ လျှောက်နင်းခြင်းသည် မက္ကရူဟ်ဖြစ်၏။ မလွဲမရှောင်သာ၍ တစ်ခါ တစ်ရံ တိုက်ဆိုင်သွားပါက အကြောင်းမဟုတ်ပေ။ သို့သော် အမြဲတစ်စေ ထိုသို့မပြုသင့်ပေ။ ထိုသို့ ပြုခြင်းသည် ဗလီ၏စည်းကမ်းချက်နှင့် ဆန့်ကျင်၏။

၈။ အကြောင်းမဲ့ ဗလီ၏အမိုးပေါ်တွင် တက်ရောက်ခြင်းလည်း မပြုပိုင်ချေ။

၉။ ''အေသိကာဖ်''တွင် ဝင်နေသူနှင့် ခရီးသည်မှအပ အခြားသူများ ဗလီ၌ အိပ်ခြင်းသည် လုံးဝမပိုင်ပေ။'

ကြည့် [အင်မ်ဒါဒုလ်ဖသာဝါ၊ စာ-ရ၁၁]

## ဗလီဝတ်ကျောင်းနှင့်စပ်လျဉ်းသည့် အထွေထွေဓမ္မသတ်အချို့

**ဓမ္မသတ် (၁)** ဗလီတံခါးအား အကြောင်းမဲ့ပိတ်ထားခြင်းသည် မက္ကရူဟ်သဟ်ရီမီ (ဟရာမ်နှင့်နီးစပ်သောကိစ္စရပ်ဖြစ်၏) သို့သော် နမာဇ်အချိန်မဟုတ်ဘဲ ဗလီမှပစ္စည်းများ လုံခြုံမှုရစေရန်အတွက် ပိတ်ထားခြင်းသည် ပြုပိုင်၏။

**ဓမ္မသတ် (၂)** ဗလီ၏အမိုးပေါ်တွင် ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ ပေါင်းသင်းဆက်ဆံမှုပြုခြင်းတို့သည် ဗလီအတွင်း၌ ပြုခြင်းကဲ့သို့ဖြစ်၏။

**ဓမ္မသတ် (၃)** အိမ်ထဲ၌ ဗလီတည်ဆောက်ခြင်းဖြစ်ပါက ထိုအိမ်တစ်ခုလုံးသည် ဗလီ၏အမိန့်တွင်မပါဝင်ပေ။ထို့အတူ အီဒ်နမာဇ်များဝတ်ပြုရန်သီးခြားသတ်မှတ်ထားသောအီဒ်ဂါဟ်နှင့်ဂျနာဇဟ်နမာဇ်ဝတ်ပြုရန်သတ်မှတ်ထားသောနေရာများသည်လည်း ဗလီ၏အမိန့်နှင့်အကျုံးမဝင်ချေ။

**ဓမ္မသတ် (၄)** ဗလီ၏အုတ်နံရံများတွင် အာယသ်ဒီဇိုင်းများရေးဆွဲခြင်းသည် မိမိ၏ စရိတ်ဖြင့်ကုန်ကျခံပြုလုပ်ခြင်းဖြစ်ပါက ပြုပိုင်၏။ သို့သော် မဲဟ်ရာဗ် (အီမာမ်ရပ်သောနေရာ) နှင့် ထိုမဲဟ်ရာဗ်၏ အုတ်နံရံတွင် တစ်စုံတစ်ရာဒီဇိုင်းများရေးဆွဲခြင်းသည် မက္ကရူဟ်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ဒီဇိုင်းတစ်စုံတစ်ရာရေးဆွဲပုံဖော်ခြင်းဖြင့် နမာဇ်ဝတ်ပြုရာတွင် စိတ်အနှောက်အယှက်ဖြစ်နိုင်၏။ အကယ်၍ ထိုကိစ္စရပ်များအား ဗလီပိုင်ငွေဖြင့် ပြုလုပ်ခြင်းဖြစ်ပါကလုံးဝမပိုင်ချေ။

**ဓမ္မသတ်** (၅) မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်၏ တံခါးများ အုတ်နံရံတွင် ကုရ်အာန်အာယသ်များ စူရဟ်တော်များ ရေးသားခြင်းမပြုအပ်ပေ။

**ဓမ္မသတ်** (၆) ဗလီအတွင်း (သို့)ဗလီအုတ်နံရံများတွင် တံတွေးထွေးခြင်း၊ မိမိ၌ပေနေသော အညစ်အကြေးတစ်စုံတစ်ရာအား ပွတ်သပ်ခြင်းစသည်များမှာ အလွန်ဆိုးရွားသော ကိစ္စရပ်များပင်ဖြစ်၏။ အာလင်မ်သာသနာ့ပညာရှင်များက ထိုသို့ပြုမူခြင်းအား မက်ကရူးဟ် သဟ်ရီမဟ်ဟုသတ်မှတ်ထားလေ၏။ အကယ်၍ မတော်တဆ အလွန်အရေးပေါ်လာခဲ့လျှင်တံတွေး(သို့)နှာရည်စသည်များအားမိမိ၏အဝတ်ဖြင့်သုတ်ယူလေကုန်၏။

**ဓမ္မသတ်** (၇) ဗလီအတွင်း (နမာဇ်ဝတ်ပြုရန် သီးခြားသတ်မှတ်ထားသော ဂျမာအသ်ခါနာ၌) ဝုဇူပြုခြင်း၊ ပလုပ်ကျင်းခြင်း၊ စသည်များသည် ''မက်ကရူဟ်သဟ်ရီမဟ်'' (မပြုထိုက်ဘဲ ဟရာမ်နှင့်နီးစပ်သောကိစ္စရပ်) ဖြစ်ပေ၏။

**ဓမ္မသတ်** (၈) ရေချိုးရန် တာဝန်ထိုက်သောအမျိုးသား/အမျိုးသမီးတို့သည် ဗလီအတွင်းသို့ သွားရောက်ခြင်းသည် အပြစ်ထိုက်ပေ၏။

**ဓမ္မသတ်** (၉) ဗလီအတွင်း၌ အရောင်းအဝယ် တစ်စုံတစ်ရာပြုလုပ်ခြင်းသည် ''မက်ကရူဟ်သဟ်ရီမဟ်''ဖြစ်သည်။ သို့သော် အေသိကာဖ်ဝင်နေချိန်တွင် မိမိ၏လိုအပ်ချက်နှင့်အညီ အရောင်းအဝယ်ပြုနိုင်၏။ မိမိ၏အသုံးအဆောင်လိုအပ်ချက်ထက်ပို၍ ပြုလုပ်ခြင်းမပိုင်ပေ။သို့သော် ထိုသို့ အရောင်းအဝယ်ပြုရာတွင် ရောင်းဝယ်ဖောက်ကားသည့်ပစ္စည်း ဗလီတွင်မရှိစေရ။

**ဓမ္မသတ်** (၁၀) ဗလီတွင် သစ်ပင်များစိုက်ခြင်းသည် မက်ကရူဟ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းသည် အဟ်လေကိသာဗ်

ယဟူဒီ၊နဆွာရာတို့၏ ဓလေ့ဖြစ်သည်။ အကယ်၍ ထိုသို့ စိုက်ပျိုးရာတွင် ဗလီအတွက် အကျိုးတစ်စုံတစ်ရာရှိပါလျှင် စိုက်ပိုင်ခွင့်ရှိ၏။

**ဓမ္မသတ် (၁၁)** ဗလီဝတ်ကျောင်းတော်အား လူသွားလမ်းအဖြစ် ပြုလုပ်ခြင်း မပြုပိုင်ပေ။ သို့သော် အလွန်အရေးပေါ်လာ၍ တစ်ကြိမ်တစ်ခါမျှ ဗလီမှ ဖြတ်သန်းသွားလာခြင်းသည် အကြောင်းမဟုတ်ပေ။

**ဓမ္မသတ် (၁၂)** ဗလီအတွင်း၌ မည်သည့်စီးပွားရေးသမားတစ်ဦးတစ်ယောက်အနေဖြင့် မည်သည့်ရောင်းဝယ်ဖောက်ကားမှုမျှမပြုပိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဗလီဝတ်ကျောင်းတော်အားတည်ဆောက်ခြင်း၏အဓိကရည်ရွယ်ချက်မှာ သာသနာရေးကိစ္စများအထူးသဖြင့်နမာဇ်ဝတ်ပြုရန်တည်ဆောက်ထားခြင်းသာဖြစ်၏။ထို့ကြောင့်ဗလီဝတ်ကျောင်းတော်တွင် မည်သည့်လောကီရေးကိစ္စကိုမျှ ပြုပိုင်ခွင့်မရှိပေ။အခကြေးငွေရယူ၍ ကုရ်အာန်သင်ကြားပေးခြင်းသည်လည်း စီးပွားရေးပြုလုပ်ခြင်းစာရင်းဝင်၏။ထိုကဲ့သို့သူသည် ဗလီဂျမာအသ်ခါနာမှ အနည်းငယ်ဝေးကွာ၍ သင်ကြားပို့ချသင့်ပေ၏။သို့သော် အကယ်၍ တစ်ဦးတစ်ယောက်သောသူက ဗလီအားထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ယူစောင့်ဆိုင်းနေချိန်တွင် ထိုသို့သင်ကြားပို့ချခြင်းဖြစ်ပါက အကြောင်းမဟုတ်ပေ။

## နမာဇ်ဝတ်ပြုသူများအနှောင့်အယှက်ဖြစ်စေနိုင်သည့် အနေအထားဖြင့်ကျယ်လောင်စွာဇိကိရ်နှင့်သိလာဝသ်ပြုလုပ်ခြင်း

အာလင်မ်သာသနာ့ပညာရှင်များအားလုံး၏ တစ်ညီတစ်ညွတ်တည်းဆုံးဖြတ်သည်မှာ... ဗလီတွင်းလည်းကောင်း၊ ဗလီမဟုတ်သော

နေရာတွင်လည်းကောင်း၊ ဇိကဲရ်ပြုအလ္လာဟ်အရှင်မြတ်အား သတိရ တသခြင်းသည် မွတ်စ်သဟာဗ်ကောင်မွန်သောလုပ်ရပ်ဖြစ်၏။ သို့သော် ထိုသို့ဇိကဲရ်ပြုတသသောအသံဖြင့်အိပ်ပျော်နေသူများအားလည်းကောင်း၊ နမာဇ်ဝတ်ပြုနေသူများအားလည်းကောင်း အနှောင့်အယှက်မဖြစ်စေရ။

အသံထွက်၍ဇိကဲရ်ပြုခြင်းသည် မွတ်စ်သဟာဗ်ဖြစ်သော်လည်း ထိုအသံကြောင့်နမာဇ်ဝတ်ပြုသူများ၊ ကုရ်အာန်ကျမ်းတော်မြတ်ရွတ်ဖတ် နေသူများအား အနှောင့်အယှက်မဖြစ်စေရ။ ထိုသို့ အနှောင့်အယှက် ဖြစ်စေသည့်အထိ အသံကျယ်လောင်စွာဇိကဲရ်ပြုခြင်းမပိုင်ပေ။

ကြည့် [အင်မ်ဒါဒုလ်ဖသာဝါ]

## ဗလီဝတ်ကျောင်းတော်၌လောကီရေးစကားများပြောဆိုခြင်း

အဗ်ဒွလ္လာဟ် ဗင်န် မတ်စ်အူဒ် ﷺ သခင် ဆင့်ပြန်တော်မူ ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်မှာ...

များမကြာမီ နောက်ဆုံးခေတ်ကာလတွင် အချို့သူများသည် ဗလီထဲ၌ စကားများသာ ပြောဆိုကြပေလိမ့်မည်။ အလ္လာဟ်အရှင်မြတ် သည် ထိုသူတို့အား မည်သို့မျှ ဂရုမူလိမ့်မည်မဟုတ်ပေ။ (ဆိုလိုသည် မှာ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ကျေနပ်တော်မူလိမ့်မည် မဟုတ်ပေ။ ထို့နောက် ထိုသူတို့၏ ပျက်စီးဆုံးရှုံးမှုနှင့် သိက္ခာမဲ့မှုများ ကိုလည်း မည်သို့မျှ ဂရုမူလိမ့်မည်မဟုတ်ချေ။)

ကြည့် [အိဗ်နေဟာဗ်ဗာန်၊ ဟယာသုလ်မွတ်စ်လိမီးန်]

# ဗလီဝတ်ကျောင်းတော်၌ လူစုဝေး၍ မဟုတ်တန်ရာ စကားများပြောဆိုသူတို့သည်အပြစ်ဒဏ်ခံထိုက်သူများပင်

ဗလီဝတ်ကျောင်းတော်သည် အိဗာဒသ်ဆည်းကပ်ဝတ်ပြုရန် အတွက်သာတည်ဆောက်ထားခြင်းဖြစ်၏ဗလီထဲသို့ဝင်ရောက်လာလျှင် အိဗာဒသ်ကိစ္စရပ်များကိုသာ ပြုလုပ်နေသင့်၏။ (သို့) သာသနာ့ရေး ရာနှင့်စပ်လျဉ်းသည့် စကားများပြောဆိုနိုင်သည်။

သို့သော် ဗလီထဲတွင် (လောကီရေး) စကားဝိုင်းပြောရန် အတွက်ထိုင်ခြင်း၊ နမာဇ်အချိန်မှအပ အခြားအချိန်များတွင်လည်း အစု အဝေးပြု၍ထိုင်ခြင်း၊ အထူးသဖြင့် မိမိတို့ထိုင်ဝိုင်းဖွဲ့သောနေရာဟူ၍ သတ်မှတ်ထားခြင်းစသည်များမှာ လုံးဝမပြုပိုင်သောကိစ္စရပ်များပင်ဖြစ် ၏။ အကယ်၍ ထိုကဲ့သို့ပြုမူရန် အကျင့်ဝလေ့ပင် ဖြစ်နေပါလျှင် ထိုသူများအားလုံးသည် အပြစ်ဒဏ်ခံထိုက်သူများပင်ဖြစ်ပေ၏။

ဗိုခါရီကျမ်း၊ စာအိဗ် ဗင်န် ဖုဇိုင်ရ် ﷺ သခင်မှ ဆင့်ပြန် ချက်တစ်ရပ်လာရှိသည်မှာ– စာအိဗ် ﷺ သခင်ပြောကြားတော်မူသည်။

ကျွန်ုပ်သည် ဗလီဝတ်ကျောင်းတော်၌ မတ်တပ်ရပ်လျက် ရှိနေခဲ့သည်။ ထိုအခိုက် ကျွန်ုပ်အား တစ်ဦးတစ်ယောက်က ခဲလုံးဖြင့် ပစ်ပေါက်လိုက်၏။ ကျွန်ုပ်လှမ်းကြည့်လိုက်သောအခါ အုမရ် ဗင်န် ခဲသ္သာဗ် ﷺ သခင်ဖြစ်နေ၏။ ဤတွင် အုမရ် ဗင်န် ခဲသ္သာဗ် ﷺ သခင်က ကျွန်ုပ်အား (ဗလီထဲရှိ) ထိုသူနှစ်ဦးအား ဖမ်းချုပ်ခေါ် ဆောင်လာလော့ဟု မိန့်ကြားလေ၏။ ကျွန်ုပ်သည်ထိုသူနှစ်ဦးကိုဖမ်းချုပ် ၍ အုမရ် ﷺ ထံ အပ်နှံလိုက်၏။ ထိုအခါ အုမရ် ﷺ သခင်က ထိုသူ

နှစ်ဦးအား အသင်တို့ မည်သူများနည်း၊ အဘယ်မှ ရောက်ရှိလာသူများ ဖြစ်ကြောင်း မေးမြန်းလိုက်၏။ ထိုနှစ်ဦးက ''သွာအီဖ်''မြို့မှရောက်ရှိ လာသူများဖြစ်ကြောင်း ဖြေကြားကြ၏။

ထိုအခါ အုမရ် ﷺ သခင်က 'အကယ်၍အသင်တို့သည်ဤ မြို့သားများဖြစ်ကြလျှင် ကျွန်ုပ်အသင်တို့အား အပြစ်ဒဏ်ခတ်မည်သာ။ အသင်တို့သည် တမန်တော်မြတ် ﷺ ၏ ဗလီဝတ်ကျောင်းတော် တွင် အသံကျယ်လောင်စွာဖြင့် စကားပြောဆိုရပါသလော'ဟု မိန့်ကြား တော်မူခဲ့၏။ ကြည့် [အာဒါဗုလ်မစာကျိဒ်၊ စာ-၅၂၆]

## လိုအပ်သောအခါဗလီတွင်စကားပြောဆိုပိုင်သည့်အခြေအနေ

၁။ အကယ်၍ စကားများပြောဆိုရန် ရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ လည်းကောင်း၊ ထိုသို့ဗလီထဲတွင် စကားများပြောဆိုတတ်သည့်အကျင့် အမူလည်းမိမိ၌မရှိဘဲ ဗလီသို့ အိဗာဒသ်ပြုရန် နီယသ်ရည်စူးချက်ဖြင့် သွားရောက်ခဲ့၏။ သို့သော် မထင်မှတ်ဘဲ ရုတ်တစ်ရက် တစ်ဦး တစ် ယောက်သောသူနှင့် ဟလာလ်ပြောပိုင်ခွင့်ရှိသော စကားများအချို့ကို တစ်ခါတစ်ရံသာပြောဆိုခြင်းဖြစ်ပါလျှင် အကြောင်းမဟုတ်ပေ။

ကြည့် [အင်မ်ဒါဒုလ်ဖသာဝါကျမ်း]

၂။ ပြောဆိုပိုင်ခွင့်ရှိသော စကားများအားလည်း ဗလီထဲ၌ ပြောဆို ခြင်းသည် အခြေအနေ (၂) ရပ်ပေါ်တွင် မူတည်၍ မပိုင်ပေ။

ထိုအခြေအနေ (၂) ရပ်မှာ...

(က) စကားများပြောဆိုရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဗလီထဲသို့ သွားရောက်ခြင်း။

(ခ) အိဟာဒသ်ပြုရန်အတွက် ဗလီထဲသို့ သွားရောက်ခဲ့၏။ သို့သော် ဗလီထဲရောက်ပြီးမှ လွန်စွာ စကားများပြောဆိုခြင်းသည်လည်း ပြောဆိုခဲ့လျှင် အကြောင်းမဟုတ်ပေ။ ကြည့် [မလ်ဖူဇာသ်]

**၃။** ထိုသို့စကားပြောဆိုရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဗလီထဲသို့ ဝင်လာခြင်းမဟုတ်ဘဲ မထင်မှတ်ဘဲ ပြောဆိုလိုက်သော စကားများတွင် ဂိုနာဟ်အပြစ်ထိုက်သော စကားရပ်များလည်းမပါရှိခဲ့လျှင်ပင် ယင်းသို့ ပြောဆိုသည့် အကျင့်အမူမဖြစ်စေရပေ။ ထိုသို့အကျင့်ဖြစ်ကာ အမြဲ တစ်စေပြုမူခြင်းသည်လည်း မပြုပိုင်သောကိစ္စရပ်ပင်ဖြစ်၏။ ယင်းမှာ ဗလီဝတ်ကျောင်းတော်အား မရိုသေမလေးစားခြင်းပင် ဖြစ်၏။

[အင်မ်ဒါဒုလ်ဖသာဝါ၊ တွဲ၆၊ စာ၆၃၅]

## အဆ္ဟာဗ်တော်များအပေါ် မဟုတ်မမှန်စွပ်စွဲချက်

အချို့သူများသည် အဆ္ဟာဗ်တော်များသည်လည်း ဗလီဝတ်ကျောင်းတော်ထဲ၌ ကျွန်ုပ်တို့ကဲ့သို့ ထွေရာလေးပါး ပြောခဲ့လေသည် ဟု ပြောဆိုကြလေ၏။ ယင်းမှာ လုံး၀ (လုံး၀) မဟုတ်မတရား စွပ်စွဲခြင်းပင်ဖြစ်၏။ အကယ်၍ အဆ္ဟာဗ်တော်များသည်ပင် တမန်တော်မြတ် ﷺ ၏ ဩဝါဒတော်များအပေါ် လိုက်နာကျင့်သုံးမှု မပြုခဲ့ပါလျှင် ဤလောကတွင် အခြားလိုက်နာကျင့်သုံးသူများ မည်သူတို့ရှိကြပေဦး မည်နည်း။ ထိုသို့ ပြောဆိုသူများက ဗလီထဲ၌ လောကီစကားများပြော ခြင်းသည်ပင် ဖုလ်မ်မတရားမှုကျူးလွန်နေခြင်းဖြစ်၏။ တစ်ဖန် အဆ္ဟာဗ်တော်များကိုပင် မဟုတ်မမှန်စွပ်စွဲပြောဆိုခြင်းသည် တစ်ဆင့်ထပ် တိုး၍ဖုလ်မ်မတရားမှုပြုလိုက်ခြင်းဖြစ်၏။ အမှန်စင်စစ် မိမိတို့၏များယွင်း

သောလုပ်ရပ်အပေါ် သောင်ဗဟ်အများ ဝန်ချတောင်းပန်ရမည့်အစား အဆွဲဟာဗ်တော်များကိုပင် မဟုတ်မမှန်စွပ်စွဲပြောဆိုခြင်းသာဖြစ်၏။

## ဗလီဝတ်ကျောင်းတော်၌ ပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များ

အချို့သူများသည် ကိစ္စရပ်တိုင်းအား လောကီရေးဟု မှား ယွင်းတွက်ဆကြလေ၏။ ဤသည်မှာလည်း မဟာအမှားပင်ဖြစ်၏။ ဥပမာ... မကျန်းမာသူ ဇစ်ဦးတစ်ယောက်အား ဗလီထဲတွင် တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေမေးမြန်းခြင်း သို့မဟုတ် အခြားမွတ်စလင်မ် တစ်ဦးတစ်ယောက်၏အခြေအနေနှင့်ပတ်သက်၍ မေးမြန်းခြင်း။

ကောင်းစွာ မှတ်သားထားကြလေကုန် . . .။

မကျန်းမာသူ၏အခြေအနေမေးမြန်းခြင်းနှင့် အခြားမွတ်စလင်မ် တစ်ဦးတစ်ယောက်၏အခြေအနေ မေးမြန်းခြင်းတို့သည်တရားတော်က ချမှတ်ပေးထားသော အခွင့်တာဝန်ဝတ္တရားများပင်ဖြစ်သည်။ ထိုသို့ သောကိစ္စရပ်များအား ဗလီတွင် မေးမြန်းခြင်းသည် မည်သို့မျှအကြောင်း မဟုတ်ပေ။ ထို့အတူ ဗလီထဲ၌ပင် တစ်စုံတစ်ရာပျောက်ဆုံးသွား၍ ယင်းနှင့်ပတ်သက်ပြီး မေးမြန်းခြင်းသည်လည်း ပြုပိုင်သော ကိစ္စရပ် ပင် ဖြစ်၏။

ထို့အတူ "အေသိကာဖ်" ထိုင်နေသူအတွက်မူ အရောင်း အဝယ်ကိစ္စအား စီစဉ်ဆောင်ရွက်ခြင်းပင် ပြုပိုင်လေ၏။ အစ္စလာမ့် တရားတော်သည် မွတ်စလင်မ်တို့အား အဘာယ်မျှပင် လွယ်ကူမှုချမှတ် ပေးထားပါသနည်း။ အကယ်၍ ကုန်သည်တစ်ဦးတစ်ယောက်က "အေသိကာဖ်"ထိုင်ချင်၍ ယင်းအတွက် ထိုရောင်းဝယ်ဖောက်ကားမှု ကိစ္စသည်ပြုပိုင်ခွင့်မရှိပါလျှင် ထိုသူသည် "အေသိကာဖ်" အကျိုး

ကုသိုလ်မှ လက်မဲ့ဖြစ်သွားလိမ့်မည်။ ထို့ကြောင့် အစ္စလာမ့်တရားတော်က ထိုကဲ့သို့သော သူသည်လည်း ယင်းကြီးမားလှသောအကျိုးကုသိုလ်မှ လက်မဲ့မဖြစ်စေရန် အဘယ် မျှပင် လွယ်ကူမှုပေးထားပါသနည်း ထို့ကြောင့် ထိုကဲ့သို့သောကုန်သည ၌အနေဖြင့် ယခင်အခန်းတွင် ဖော်ပြခဲ့သည့် ပြဋ္ဌာန်းချက်များနှင့်အညီ ေအသိ ဘာဖ်ထိုင်နေပါလျက်နှင့်ပင်ဗလီထဲမှ ရောင်းဝယ်မှုကိစ္စအား စီစဉ်ဆောင်ရွက်နိုင်၏။

## ဗလီဝတ်ကျောင်းေတာ်၏ ရှိေသသမှုနှင့် ဗလီတွင် အသံကျယ်ေလာင်စွာပြောဆိုခြင်း

လောကီရေးအကြီးအ ကဲအရာရှိ တစ်ဦးဦး၏ အိမ်သို့ သွားရောက်သောအခါ အဘယ်မျှ ယဉ်ကျေးသိမ်မွေ့ရှိသေခယစွာ စကားများပြောဆိုကြပါသနည်း။ ဤ ျသည်သာမက ထိုသို့သော နေရာတွင် ရောက်ရှိသွားသောအခါ စိ တ်ရောကိုယ်ပါ အာရုံသည်အခြားသို့ မရောက်တော့ဘဲ ထိုနေရာ ၏ ၃ကိစ္စနှင့် ထိုအကြီးအကဲထံ၌သာ ရောက်ရှိလျက်နေပေ၏။ ထို့ကြောင့် : အလ္လာဟ်အိမ်မွန် ဗလီဝတ်ကျောင်းတော် ဂုဏ်သိဥယျာဉ်အိမ်ဖြူတော်သို ့ ရောက်သောအခါ သာပို၍ပင် ရှိသေလေးစားကြောက်ရွံ့ကာ ယဉ် ၌ကျေးသိမ်မွေ့စွာဖြင့် နေသင့်ပေ၏။

ဗလီဝတ်ကျောင်းတေ ာ်တွင် အဆွ်ဟာဗ်တ်များ နေခဲ့ကြသည့် အခြေအနေမှာ တစ်ရံရောအ ခါက အုမရ် ﷺ သခင်သည် ဗလီထဲ၌ လူနှစ်ဦး အသံကျယ်လောင်စွ ာ စကားပြောဆိုနေကြသည်ကိုတွေ့မြင်၍ အကယ်၍အသင်တို့သည်ဤ မြို့သားများဖြစ်ပါကအသင်တို့အားကျွန်ုပ် အပြစ်ဒဏ်ကျခံစေ၏။' ဟုပင် ဆူပူကြိမ်းဝါးခဲ့လေ၏။

ကြည့် [သတ်စ်ဟီလုလ်မဝါအိဇ်]

# ဗလီဝတ်ကျောင်းတော်တွင်ပြုပိုင်ခွင့်ရှိသောကိစ္စရပ်များနှင့် ပြုပိုင်ခွင့်မရှိသောကိစ္စရပ်များ

ဗလီဝတ်ကျောင်းတော်တွင် အိဗာဒသ်ဝတ်ပြုဆည်းကပ်ခြင်း ကိစ္စရပ်များသည် လုပ်ပိုင်ခွင့်ရှိသော ကိစ္စရပ်များပင်ဖြစ်၏။ ထို့နောက် အပြစ်ငရဲထိုက်သော ကိစ္စရပ်မှန်သမျှသည် လုပ်ပိုင်ခွင့်မရှိသော ကိစ္စရပ် များပင်ဖြစ်ပေ၏။

ထို့နောက် ကုသိုလ်လည်းမဖြစ်၊ ငရဲလည်းမရောက်သည့် မုဗာဟ် ကိစ္စရပ်ကိုမူ ပြုမူရန်အတွက် ဗလီသို့သီးသန့်သွားခြင်းသည်ပင် မကြိုက်ဖွယ်ဖြစ်၏။ အကယ်၍ မိမိသည် အစမှပင်ဗလီထဲ၌ ရောက်နေပြီး ရတ်ဝ်းရက် မမျှော်လင့်ဘဲ ထို'မုဗာဟ်'ကိစ္စရပ်တစ်စုံတစ်ရာအား ပြုမူခဲ့ပါလျှင်သော်လည်းကောင်း၊ သို့မဟုတ် မုဗာဟ်ကိစ္စအားလည်း ဆောင်ရွက်ရန်လိုခဲ့သော်လည်း ထိုကိစ္စတစ်ရပ်တည်းကိုသာ ပြုမူရန်မဟုတ်ဘဲ အိဗာဒသ်ဆည်းကပ်ဝတ်ပြုမှုကိစ္စကိုလည်း ပြုမူဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ဗလီသို့သွားရောက်ပြီး မုဗာဟ်ကိစ္စရပ်ကိုလည်း ပြုမူခဲ့ပါလျှင်အကြောင်းမဟုတ်ပေ၊ သို့သော် အမြဲတစ်စေဆိုကဲ့သို့မဖြစ်သင့်ပေ။

ဥပမာ ။ ။ တစ်ဦးတစ်ယောက်အား ချိန်းဆိုထား၍ ထိုသူ့ကိုတွေ့ဆုံရန် ကိစ္စရပ်သက်သက်ဖြင့် ဗလီတွင်ထိုင်၍ စောင့်ဆိုင်းခြင်း။

မိမိ မိသားစု ဆွေမျိုးသားချင်းမှ တစ်ဦးတစ်ယောက်၏သေဆုံးကွယ်လွန်မှုနှင့်ပတ်သက်၍ လူအများက ဝမ်းနည်းကြေကွဲကြောင်း မိမိအား အလွယ်တကူ လာရောက်ပြောဆိုနိုင်ရန်အတွက် ဗလီတွင် ထိုင်နေခြင်းကဲ့သို့သော ကိစ္စရပ်များ 'မုဗာဟ်'ပြုပိုင်ခွင့်ရှိသော ကိစ္စရပ်

များဖြစ်သော်လည်း ဗလီအတွင်းမပြုပိုင်ပေ။ ဗလီမှအပ အခြားနေရာများတွင် ထိုကဲ့သို့ ကိစ္စရပ်များအား ဆောင်ရွက်ပိုင်ခွင့်ရှိ၏။

အချို့ဟာဒီစ်တော်များတွင် လာရှိသည့် ထိုကဲ့သို့သော အခြေအနေမျိုးတွင် တမန်တော်မြတ် ﷺ သည် ဗလီထဲ၌ပင်ရှိခဲ့ပြီး ဗလီထဲ၌ပင် ဆောင်ရွက်ခဲ့သည်ဆိုခြင်းမှာ ဤသို့ဖြစ်၏။

တမန်တော်မြတ် ﷺ သည် ဒီနိသာသနာရေးရာများ ပို့ချမှု အစီအစဉ်နှင့် တရားစီရင်ရေးကိစ္စရပ်များအား နေ့စဉ်နှင့်အမျှ ဗလီထဲ၌ပင် လာရောက်ဆောင်ရွက်တော်မူရလေ၏။ ထိုနေ့တွင်လည်း တမန်တော်မြတ် ﷺ သည် ဖော်ပြပါကိစ္စရပ်များကိုပင် ဆောင်ရွက်ရန်အတွက် ထိုနေရာ၌ ထိုင်နေတော်မူခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် လူတို့သည် တမန်တော်မြတ် ﷺ ရှိနေသော နေရာ၌ပင် လာရောက်ကာ . . . သူသေနှင့်ပတ်သက်၍ ဝမ်းနည်းကြေကွဲရခြင်း အကြောင်းလျှောက်ထားခဲ့ကြခြင်းဖြစ်၏။

## ဗလီဝတ်ကျောင်းတော်တွင်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပျောက်ဆုံးသွားသောအရာနှင့်ပတ်သက်၍ ကြေညာခြင်းအပေါ် ရှုတ်ချမှု

**အဗူဟုရိုင်ရဟ် ﷺ သခင်ဆင့်ပြန်တော်မူခဲ့သည်။**

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူခဲ့သည်မှာ. . .

'အသင်တို့သည် ဗလီဝတ်ကျောင်းတော်တွင် ရောင်းဝယ်ဖောက်ကားမှုပြုနေသည်ကို တွေ့မြင်ကြပါလျှင် "အလ္လာဟ်အရှင်မြတ်

သည်အသင်တို့၏ ရောင်းဝယ်မှုတွင်အကျိုးအမြတ်မရှိပါစေနှင့်''ဟု ပြောကြားလေကုန်။'

ထို့နောက် တစ်စုံတစ်ရာပျောက်ဆုံးနေသည်ကို ဟစ်အော်၍ ကြေညာကာ လိုက်လံရှာဖွေနေသူအား တွေ့မြင်ခဲ့ပါလျှင် 'အလ္လာဟ် အရှင်မြတ် သည် ထိုအရာအား အသင့်ထံသို့ ပြန်လည်မရောက်ပါ စေလေနှင့်' ဟု ပြောကြားလေကုန်။ **[သိရ်မိဇီ၊ နစအီကျမ်းများ]**

**အခြားဟဒီစ်တော်တစ်ရပ်တွင်လာရှိသည်မှာ . . .**

ဗလီဝတ်ကျောင်းတော်များသည် ထိုကိစ္စရပ်များအား ဆောင်ရွက်ရန် တည်ဆောက်ထားခြင်းမဟုတ်ပေ။

**ကြည့် [မွတ်စလင်မ်ကျမ်း၊ အဗူဒါဝူဒ်ကျမ်း၊ အိဗ်နေမာဂျဟ်ကျမ်း]**

***မှတ်ချက်*** ။ ။ ပျောက်ဆုံးခြင်းဆိုသည်မှာ ဗလီအပြင်၌ ပျောက်ဆုံးခြင်းကို ဆိုလိုခြင်းဖြစ်၏။

ဗလီအပြင်၌ တစ်စုံတစ်ရာ ပျောက်ဆုံးခဲ့ပြီး ဗလီတွင် လူစုံ၍ ထိုသို့ ကြေညာလိုက်ခြင်းဖြင့် တစ်ဦးတစ်ယောက်ထံမှ သတင်းများ ရရှိမည်လောဟု မှန်းဆကာ ကြေညာခြင်းကို ဆိုလို၏။

တမန်တော်မြတ် ﷺ သည် ကျိန်ဆိုစေခဲ့ခြင်းမှာ သတိပေးသည့် အနေမျိုးဖြစ်သည်။ ထိုသို့ပြောဆိုလိုက်ခြင်းဖြင့် ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်နိုင်ဖွယ်ရှိပါက မိမိစိတ်ထဲမှပင် ပြောဆိုလိုက်လေကုန်။

**[အင်မ်ဒါဒုလ်ဖသာဝါ၊ တွဲ-၂၊ စာ-၆၅၉]**

**မမှုသတ်** ။ ။ ဗလီထဲ၌ တစ်စုံတစ်ရာပျောက်ဆုံးသွား၍ ယင်းနှင့် ပတ်သက်ပြီးကြေညာခြင်း၊ စုံစမ်းမေးမြန်းခြင်းသည် မည်သို့မျှ

အကြောင်းမဟုတ်ပေ။ သို့သော် ဗလီအပြင်၌ ပျောက်ဆုံးသောအရာနှင့်ပတ်သက်၍ ဗလီတွင် စုံစမ်းမေးမြန်းခြင်းနှင့်ကြေညာခြင်း လုံးဝမပြုပိုင်ပေ။

## ဗလီဝတ်ကျောင်းတော်တွင်ငွေပေးချေမှုအားလက်ခံရယူခြင်း

**မဗ္ဗသတ်မေးမြန်းချက်** ။ ။ *ပုဂ္ဂိုလ်တစ်ဦးသည် ဗလီအပြင်၌ ရောင်းပြီး ဗလီဝဲသို့ဝင်ရောက်လာ၏။ (သို့မဟုတ်) ပုံမှန်အတိုင်းပင် ရောက်ရှိလာ၏။ ထိုအခါ ထိုဗလီအပြင်၌ ရောင်းခဲ့သော ကုန်ပစ္စည်း၏ တန်ဖိုးငွေအား (ဝယ်ယူသူထံမှ) ဗလီထဲ၌ ယူပိုင်ခွင့်ရှိပါသလော။*

**အဖြေ** ။ ။ ဤသည်မှာ ဗလီထဲ၌ အရောင်းအဝယ်ပြုခြင်းမဟုတ်ပေ။ ဗလီအပြင်၌အရောင်းအဝယ်ပြုလုပ်သတ်မှတ်ခဲ့သော ကျသင့်တန်ဖိုးငွေရယူခြင်းဖြစ်၍ ဗလီတွင် ယူပိုင်ခွင့်ရှိ၏။

[အင်မ်ဒါဒုလ်ဖသာဝါ၊ တွဲ-၂၊ စာ-၆၉]

## ဗလီဝတ်ကျောင်းတော်တွင် အရောင်းအဝယ်ကိစ္စပြုလုပ်ခြင်း

ဗလီဝတ်ကျောင်းတော်တွင် အလ္လာဟ်အရှင်မြတ်အား သတိရဝတ်ပြုဆည်းကပ်ရန်အတွက် 'အေသိကာဖ်' ထိုင်နေသူများအနေဖြင့် ကုန်ပစ္စည်းမပါရှိဘဲ မိမိ၏လိုအပ်ချက်နှင့်အညီ'အေသိကာဖ်'ထိုင်နေစဉ်မှာပင် အရောင်းအဝယ်ကိစ္စပြုပိုင်ခွင့်ရှိ၏။ ဤသည်မှာလည်း ကုန်သည်များအနေဖြင့် ထိုကြီးမားလှသော အေသိကာဖ်အကျိုးစဝါဗ်မှ လက်မဲ့ မဖြစ်စေရန်ဖြစ်၏။

ကုန်ပစ္စည်းမပါရှိဘဲ ဆိုသည်မှာ ထိုကုန်ပစ္စည်းများဖြင့် ဗလီ

တွင် နေရာပိတ်ဆို့မည်ကို စိုးရိမ်ရခြင်းကြောင့် ဖြစ်၏။ အကယ်၍ ထိုရောင်းဝယ်သော ကုန်ပစ္စည်းမှာ သေးဖွဲသောကုန်ပစ္စည်းဖြစ်ပါလျှင် အကြောင်းမဟုတ်ပေ။ ထိုမျှသေးငယ်သော ကုန်ပစ္စည်းအား ဗလီထဲ၌ ယူဆောင်လာ၍လည်း ရောင်းဝယ်ဖောက်ကားမှုပြုနိုင်၏။

သို့သော် ထိုသို့ အေသိကာဖ်ထိုင်နေသူမှအပ အခြားမည်သူပင်ဖြစ်စေ၊ အဘယ်မျှ သေးငယ်သော ကုန်ပစ္စည်းပင်ဖြစ်စေကာမူ ဗလီထဲတွင် ရောင်းဝယ်ရေးကိစ္စအား လုံးဝ ဆောင်ရွက်ခွင့်မရှိပေ။ အရောင်းအဝယ်လုပ်၍ ငွေအပေးအယူပြုခြင်းသည်လည်း လုံးဝမပြုပိုင်ပေ။

## ဗလီဝတ်ကျောင်းတော်တွင်အရောင်းအဝယ်ပစ္စည်းများ ထားပိုင်ခွင့်ရှိပါ၏လော

**အမေး ॥ ॥** *ပုဂ္ဂိုလ်တစ်ဦးသည် ဗလီဝတ်ကျောင်းတော်အပြင်၌ ကုရ်အာန်ကျမ်းတော်မြတ်နှင့်အခြားဘာသာရေးစာအုပ်များ၊ ဘာသာရေးအသုံးအဆောင်ပစ္စည်းများ ရောင်း၏။ ထို့နောက် နမာဇ်အချိန်ကျရောက်လာသောအခါ ထိုအရောင်းအဝယ်ပြုလုပ်သည့် ကုန်ပစ္စည်းသေတ္တာအား ဗလီထဲ၌ ခေတ္တထားလိုက်၏။ ထို့နောက် ဂျမာအသ်ဖြင့် နမာဇ်ဝတ်ပြုလေ၏။ နမာဇ်ဝတ်ပြုပြီးသောအခါ ဗလီထဲတွင် ခေတ္တထားခဲ့သောကုန်ပစ္စည်းသေတ္တာအား ပြန်ယူ၍အရောင်းဆိုင်ပြန်ဖွင့်လေ၏။ ဤကဲ့သို့သောအခြေအနေတွင် ကုန်ပစ္စည်းသေတ္တာအားဗလီထဲတွင် ထားပိုင်ခွင့်ရှိပါသလော။*

**အဖြေ ॥ ॥** အရောင်းအဝယ်ကုန်ပစ္စည်းများအား အေသိကာဖ်ဝင်နေသူများအတွက်ပင် ဗလီထဲသို့ ယူလာပိုင်ခွင့်မရှိပါလျှင် အခြားသူ

အတွက် အဘယ်ကဲ့သို့ပင်ပြုပိုင်ခွင့်ရှိပါမည်နည်း။ ဗလီ၏အနီးအနားရှိ အိမ်အဆောက်အဦ (သို့မဟုတ်) တစ်စုံတစ်ရာအခန်းထဲ၌ (ဗလီအပြင်တွင်) ဗလီအုပ်ချုပ်သူများ၏ ခွင့်ပြုချက်အရထားပိုင်ခွင့်ရှိ၏။ ထိုသို့ထားခြင်းသည် လခဖြင့်ဖြစ်စေ သို့မဟုတ် လခမဲ့ဖြစ်စေထားပိုင်၏။

[အင်မ်ဒါဒုလ်ဖသဝါ၊ တွဲ-၂၊ စာ-၆၀၄]

## ဗလီဝတ်ကျောင်းတော်၌ အိပ်ခြင်းနှင့်စားသောက်ခြင်း

**အမေး ။ ။** *နေအိမ်ရှိသူအတွက် ဗလီထဲတွင် စားသောက်ခြင်းနှင့် အိပ်စက်ခြင်းသည် အဘယ်သို့နည်း။*

**အဖြေ ။ ။** အေသိကာဖ်ဝင်နေသူနှင့် ခရီးသည်မှအပ အခြားမည်သူအတွက်မျှ ဗလီထဲ၌ အိပ်စက်ခြင်းမပိုင်ချေ။ (ထို့အတူ အေသိကာဖ်ဝင်နေသူနှင့်ခရီးသည်မှအပ) အခြားသူများအနေဖြင့် ဗလီထဲ၌စားသောက်ခြင်းအကျင့် မပြုလုပ်သင့်ပေ။ [အင်မ်ဒါဒုလ်ဖသဝါ]

## နေအိမ်၌ အလွန်ပူပြင်းသည့်အတွက်ကြောင့် ဗလီထဲ၌ သွားရောက်လဲလျောင်းအိပ်စက်ခြင်း

**အမေး ။ ။** *အဗ်ဒွလ္လာဟ်၏ နေအိမ်အနီးနားရှိ ဗလီဝတ်ကျောင်းတော်တွင် လေပြေလေညှင်းများကောင်းစွာတိုက်ခတ်၏။ နေ့လည်အချိန်တွင် မိမိနေအိမ်ထက်သာပို၍ ဗလီဝတ်ကျောင်းတော်တွင် သက်သာမှုရရှိလေ၏။ ထို့ကြောင့် အဗ်ဒွလ္လာဟ်အနေဖြင့် ဗလီထဲသို့သွား၍ ခေတ္တအနားယူကာ ဇုဟ်ရ်နမာဇ်ဝတ်ပြုပြီးပြန်လာလျှင် ထိုသို့ပြုခြင်းသည် ပိုင်ပါသလော။*

**အဖြေ ။ ။** အေသိကာဖ်ဝင်နေသူနှင့် ခရီးသည်မှအပ အခြားသူများအတွက် ဗလီတွင် အိပ်စက်ခြင်းသည် မက္ကရူဟ်မပြုထိုက်သော ကိစ္စရပ်ဖြစ်၏။ သို့သော် အကယ်၍မိမိနေအိမ်၌အလွန်ပူပြင်း၍နေရန်ပင်အခက်တွေ့နေပါလျှင်ထိုသို့သောအရေတစ်ကြီးလိုအပ်ချက်အပေါ်တွင်အောက်ပါအတိုင်းပြုနိုင်ပေ၏။ ဗလီထဲတွင် ဇိုဟ်ရ်ပြီးထိနေရန် အေသိကာဖ်၏နီယသ်လုပ်ပါ။ ထို့နောက် ဗလီထဲဝင်ရောက်သည်နှင့် ခေတ္တအိဗာဒသ်တစ်စုံတစ်ရာပြုလုပ်ပါ။ ထို့နောက် အိပ်စက်အနားယူပါ။ တစ်ဖန် ဇိုဟ်ရ်နမာဇ်ဝတ်ပြု၍ပြန်ထွက်လာပါ။ [အင်မ်ဒါဒုလ်ဖသဝါ၊ တွဲ–၂၊ စာ–၅၂၆]

## ခရီးသည်အနေဖြင့် ဗလီထဲတွင် တည်းခိုခြင်း

အကယ်၍ ခရီးသည်တစ်ဦးတစ်ယောက်သည် တည်းခိုရန်အတွက် နေရာတစ်စုံတစ်ရာမရှိခဲ့ပါလျှင်ထိုသို့သောအခြေအနေမျိုးတွင် ဗလီထဲတွင် တည်းခွင့်ရှိ၏။ ထိုခရီးသည် အနေဖြင့် ပြန်သောအခါတွင် ဗလီအတွက် အလှူငွေအနည်းငယ်ထည့်လိုပါက ထည့်သင့်ပေ၏။ ဤသို့ဖြင့် ဗလီအတွက် ကောင်းမှုပြုသည့်ကုသိုလ်အား ရရှိသည့်အပြင် မိမိစိတ်ထဲ၌လည်း ဗလီထဲတွင်တည်းခိုခြင်းနှင့်ပတ်သက်၍ စိတ်ရှင်းပေမည်။ [အင်နိဖာခေ အီစာ၊ စာ–၅၇၁]

## ဗလီဝတ်ကျောင်းတော်တွင် လမ်းလျှောက်ခြင်း

**အမေး ။ ။** *ဗလီဝတ်ကျောင်းတော်တွင်လမ်းလျှောက်နေခြင်းသည် ပိုင်ပါ၏လော။*

**အဖြေ ။ ။** ဗလီဝတ်ကျောင်းတော်တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်တွင်မပါရှိသော ကိစ္စရပ်တစ်စုံတစ်ရာအား ဗလီဝတ်ကျောင်းတော်

တွင် ပြုလုပ်ဆောင်ရွက်ခြင်း (သို့) အကျင့်ပါစေခြင်းစသည့်များမှာ မပြုပိုင်ချေ။ ထို့ကြောင့် အကြောင်းမဲ့ လမ်းလျှောက်နေခြင်းသည်လည်း အထက်ပါအမိန့်ပညတ်ချက်တွင် အကျုံးဝင်၏။ ထို့ကြောင့် ထိုသို့ပြုခြင်းကိုတားမြစ်သင့်၏။ [အင်မ်ဒါဒုလ်ဖသဝါ၊ တွဲ-၂၊ စာ-၆၉၈]

# ဗလီဝတ်ကျောင်းတော်တွင်နိကာဟ်ပြုခြင်းနှင့် မုန့်အချိုများဝေခြင်း

**အမေး ။ ။** *ဗလီဝတ်ကျောင်းတော်တွင် နိကာဟ်ပြုခြင်းသည် စွန္နသ်ဖြစ်သည်။ သို့သော် ယနေ့ခေတ်၏ တရားပျက်မှုကိစ္စရပ်များ ထွေပြားများပြောင်မှုကြောင့် ဗလီထဲတွင် နိကာဟ်ပြုခြင်းအား တားမြစ် ပိုင်ခွင့်ရှိပါသလော။*

**အဖြေ ။ ။** ဗလီဝတ်ကျောင်းတော်တွင် တရားတော်နှင့်ဆန့်ကျင်သည့်ကိစ္စရပ်များအားမပြုလုပ်ရန် တင်းကျပ်စွာဟန့်တားရပေမည်။ သို့သော် ဗလီထဲတွင် နိကာဟ်ပြုခြင်းအား တားမြစ်ပိုင်ခွင့်မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဗလီထဲတွင်နိကာဟ်ပြုခြင်းသည် စွန္နသ်ဖြစ်သည်။

ကြည့် [အင်မ်ဒါဒုလ်ဖသဝါ၊ တွဲ-၂၊ စာ-၆၅၂]

သို့သော် ထိုသို့ နိကာဟ်ပြုပြီးနောက် မုန့်အချိုများဝေငှခြင်းဖြင့် ဗလီတွင်ဆူညံမှုမဖြစ်သင့်ပေ။ မုန့်အချိုများအား လုယက်မှု မဖြစ်ကြစေရန်နှင့် စည်းစနစ်ဖြင့်ဝေငှရန် ကြိုးစားသင့်ပေ၏။

နိကာဟ်ပြီး၍ မုန့်အချိုတစ်စုံတစ်ရာအား ဝေငှလိုက်ခြင်းဖြင့် ''စွန္နသ်''တစ်ခုအား တာဝန်ကျေရာလည်းရောက်ပေ၏။

ကြည့် [အိဆ္ဆလာဟုရ် ရုစူမ် စာ-၉၁]

# ဗလီဝတ်ကျောင်းတော်တွင် အလှူငွေကောက်ခံခြင်း

**အမေး ။ ။** *အီဒ်ဂါဟ် (သို့) ဂျာမေအ်ဗလီ (သို့) အခြားဗလီဝတ်ကျောင်းတော်တစ်စုံတစ်ရာတွင် အလှူငွေကောက်ခံခြင်း (သို့) အလှူထည့်ရန်တိုက်တွန်းခြင်း၊ ထို့နောက် တောင်းခံသူတို့အား ဆွာဒ်ကဟ်နိုင်ရာသ်အလှူငွေပေးခြင်းသည်အဘယ်သို့နည်း။*

**အဖြေ ။ ။** အကယ်၍ ထိုသို့အလှူငွေကောက်ခံခြင်းမှာ ဆွာဖ်နမားဇ်တန်းများအကြား၌ မဟုတ်လျှင်လည်းကောင်း၊ နမာဇ်ဝတ်ပြုသူတို့၏အရှေ့မှဖြတ်သန်း၍ကောက်ခံခြင်းမဟုတ်လျှင်လည်းကောင်း၊ နမာဇ်ဝတ်ပြုသူများအား မည်သို့မျှ အနှောင့်အယှက်မဖြစ်စေခဲ့လျှင်လည်းကောင်း၊ ထိုသို့သောအခြေအနေမျိုးတွင် ကောက်ပိုင်ခွင့်ရှိ၏။

[အင်မ်ဒါဒုလ်ဖသာဝါ၊ တွဲ-၂၊ စာ-၅၂၉]

အကယ်၍ ထိုသို့အလှူကောက်ခံမှုဖြင့် နမာဇ်ဝတ်ပြုနေသူတစ်ဦးတစ်ယောက်အားလည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်ရွတ်ဖတ်နေသူ တစ်ဦးတစ်ယောက်အားလည်းကောင်း၊ ဇိကိရ်ပြုနေသူတစ်ဦးတစ်ယောက်အားလည်းကောင်း၊ တစ်စုံတစ်ရာစိတ်အနှောင့်အယှက်ဖြစ်စေခဲ့ပါလျှင် အာလင်မ်သာသနာ့ပညာရှင်အားလုံး၏တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်အရ ထိုသို့သော အခြေအနေမျိုးတွင် အလှူငွေ ကောက်ခံခြင်းမှာ လုံးဝမပြုပိုင်ချေ။

ကြည့် [သတ်စ်ဟီးလ်ကျမ်း၊ တွဲ-၂၊ စာ-၅၁၁]

# ဗလီဝတ်ကျောင်းတော်၌ စိုက်ပျိုးထားသောအပင်များ၊ အသီးအနှံများနှင့်စပ်လျဉ်းသည့် အမိန့်ပညတ်ချက်

**အမေး ။ ။** ဗလီဝတ်ကျောင်းတော်တွင် အသီးအနှံပင်များ စိုက်ပျိုးတတ်ကြလေ၏။ ထိုသို့ စိုက်ပျိုးခြင်းမှာ အများအားဖြင့် ဗလီ၏ 'ဆဟာန်'ဗလီဝင်းအတွင်း၌ပင်ဖြစ်၏။ ထိုသို့ စိုက်ပျိုးထားသောအပင်၏ အသီးအနှံများအား ဗလီ၌ လာရောက်ဝတ်ပြုသောသူများအနေဖြင့်လည်းကောင်း၊ ထိုရပ်ကွက်ရှိလူများအနေဖြင့်လည်းကောင်း၊ စားသောက်ပိုင်ခွင့်ရှိပါသလော။ အကယ်၍ ထိုသို့ထွက်ရှိလာသော အသီးအနှံများအားလုံးအားရောင်းချ၍ ရောင်းရငွေအား ဗလီ၏ဆောက်လုပ်ရေးကိစ္စတစ်စုံတရာတွင် သုံးစွဲလိုပါက သုံးစွဲပိုင်ခွင့်ရှိပါသလော။ ထိုသို့အပင်စိုက်ခြင်းမှာ တစ်ဦးတည်းကစိုက်ခဲ့ခြင်းဖြစ်ပေသော်လည်း ဗလီတွင် စိုက်ပျိုးထားခြင်းဖြစ်၍ အများကပိုင်ဆိုင်ပတ်သက်လိုကြပေ၏။အဘယ်ကြောင့်ဆိုသော် ဗလီဝတ်ကျောင်းတော်သည်တစ်ဦးတစ်ယောက်မဟုတ်ချေဟု ယူဆကာ ရပ်ကွက်ရှိ လူအများက ခွဲဝေစားသောက်ကြလေ၏။ ဤသို့ပြုခြင်းမှာ အဘယ်သို့နည်း။

**အမေး ။ ။** အကယ်၍ထိုစိုက်သူက မိမိ၏ကုန်ကျစရိတ်ဖြင့် စိုက်ခဲ့ခြင်းဖြစ်လျှင် မည်သည့်ရည်စူးချက်ဖြင့် စိုက်ပျိုးခဲ့ကြောင်းကို မေးမြန်းရပေမည်။

၁။ အကယ်၍ မိမိအတွက်သာ စိုက်ခဲ့ခြင်းဖြစ်ပါလျှင် ယင်း၏ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ရယူစားသောက်ခွင့်မရှိပေ။

၂။ အကယ်၍ အများမွတ်စလင်မ်နှင့်ဗလီတွင်လာရောက်ဝတ်ပြုသူများအားလုံးအတွက်သော်လည်းကောင်း၊ ဝကဖ်ပြုစိုက်ပျိုးခဲ့ခြင်း ဖြစ်ပါလျှင် အားလုံးအတွက် ရယူစားသောက်ပိုင်ခွင့်ရှိ၏။

၃။ အကယ်၍ ဗလီဝတ်ကျောင်းတော်အတွက်သာ ဝကဖ်ပြုစိုက်ပျိုးလှူဒါန်းခြင်းဖြစ်ပါလျှင် ထိုအသီးအနှံများအား ရောင်းချ၍ ရောင်းရငွေအား ဗလီ၏ ကုန်ကျစရိတ်တွင် သုံးစွဲရန် ဝါဂျိဗ်ဖြစ်၏။ ထို့နောက်အချက် နံပါတ် (၁)နှင့်(၂) တွင် ဖော်ပြခဲ့သည့်အတိုင်း စိုက်ပျိုးထားခြင်းအား ဗလီအုပ်ချုပ်သူများအနေဖြင့် ကြိုက်နှစ်သက်သည့်အချိန်တွင် ထိုစိုက်ပျိုးထားသော အပင်အား ခုတ်လှဲနုတ်ပစ်ခွင့်ရှိ၏။

ကြည့် [အင်မ်ဒါဒုလ်ဖသာဝါ၊ တွဲ-၁၂၊ စာ-၆၁၁၊ ကိသာဗုဝက်ဖ်]

အပင်စိုက်ခဲ့သောသူ၏ ရည်ရွယ်ချက်အား သိရှိရပါလျှင် ထိုအတိုင်းပင် ဆောင်ရွက်ရမည်။ အကယ်၍ ထိုစိုက်ခဲ့ခြင်း၏ ရည်ရွယ်ချက်အား အတိအကျမသိရပါလျှင် ထိုသို့သော အခြေအနေမျိုးတွင် ဗလီတွင် လာရောက်ဝတ်ပြုသူများအား ခွဲဝေပေးခွင့်ရှိ၏။

ကြည့် [အင်မ်ဒါဒုလ်ဖသာဝါ၊ တွဲ-၁၂၊ စာ-၆၁၁]

အကယ်၍ ဗလီ၏ကုန်ကျစရိတ်ဖြင့်သာ စိုက်ပျိုးခဲ့ခြင်းဖြစ်ပါလျှင် ထိုအသီးအနှံများအား ဝေငှခြင်းမပြုပိုင်ချေ။ ထိုအသီးအနှံများသည် ဗလီပိုင်ဖြစ်၏။ ထို့ကြောင့် ရောင်းချ၍ ရောင်းရငွေအား ဗလီကုန်ကျစရိတ်တွင် သုံးစွဲရမည်သာဖြစ်၏။

# ဗလီဝတ်ကျောင်းတော်နှင့်အီဒ်ဂါဟ် သို့ (၇)နှစ်အောက် ကလေးငယ်များအား ခေါ်ဆောင်လာခြင်း

တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်မှာ...

မိမိတို့၏ကလေးငယ်များအား မိမိတို့၏ ဗလီများမှ သီးခြားစွာ ထားလေကုန်။

ယခုခေတ်အခါတွင် အများအားဖြင့် ကလေးငယ်များအား အီဒ်ဂါဟ်သို့ ခေါ်ဆောင်သွားခြင်း ဓလေ့တစ်ရပ်ဖြစ်နေ၏။ ထို့သို့ဖြင့် နှစ်တိုင်းအီဒ်ဂါဟ်တွင် ကလေးငယ်များ၏ ဟစ်အော်ငိုယိုမှုဖြင့် ဆူညံ သွားလေ၏။ ဤသည်သာမက အချို့အခါများတွင်မူ ကလေးငယ်များ သည် ကျင်ကြီးကျင်ငယ်ပင်စွန့်လိုက်ကြ၏။

ကျွန်ုပ်စာရေးသူ၏ ကိုယ်တွေ့ဖြစ်စဉ်တစ်ရပ်မှာ...

ကျွန်ုပ်ကျောင်းသားဘဝအချိန်တွင် မိတ်ဆွေတစ်ဦးက အီဒ်ဂါဟ်သို့ ကလေးငယ်တစ်ဦးနှင့်အတူ နမာဇ်ဝတ်ပြုရန် လာရောက်ခဲ့၏။ ကလေးသည် အီဒ်နမာဇ်ဝတ်ပြုရန် အသင့်ပြင်တော့မည့်အချိန်တွင် ကျင်ကြီးကျင်ငယ်စွန့်လို၍ ငိုယိုလေတော့၏။ ထိုမျှ များပြားလှသော အီဒ်ဂါဟ်၊ မွတ်စလင်မ်များကြားဝယ် ထိုကလေးငယ်အား လိုအပ်သည့်ကိစ္စပြီးစေရန်မှာ လွယ်ကူလှသော ကိစ္စရပ်မဟုတ်ပေ။ ထို့နောက် အကယ်၍ ကလေး၏ ကိစ္စအားဆောင်ရွက်မည်ဆိုပါလျှင် အီဒ်နမာဇ်လွတ်သွားတော့မည်ဖြစ်၍ ကလေး၏ဖခင်သည် အလွန် အခက်အခဲပူပင်သောကများခဲ့ရ၏။ အဆုံးတွင် အနီးအနားတွင် ဆိုင် တစ်ဆိုင်တွင် ငွေအနည်းငယ်ပေး၍ အကူအညီယူရလေ၏။

ဟဒီစ်တော်တစ်ရပ်တွင်လာရှိသည်မှာ...

ကလေးငယ်များ (၇) နှစ်ပြည့်သွားသောအခါ နမာဇ်ဝတ်ပြုရန် အမိန့်ပေးလေကုန်။ အထက်ပါဟဒီစ်တော်တွင် (၇)နှစ်ဟု သတ်မှတ်ထားခြင်းမှာလည်း ထိုကဲ့သို့သော အကြောင်းများကြောင့်ပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကလေးငယ်များသည် (၇) နှစ်မပြည့်မီတွင် ယင်းတို့၌အသိမရှိသေးပေ။ ထို့ကြောင့် မည်သည့်နေရာတွင်မဆို လိုအပ်လာသည်နှင့်အမျှ ကျင်ကြီးကျင်ငယ်စွန့်နိုင်၏။ (၇) နှစ်ပြည့် သွားသောအခါ အသိဝင်လာ၏။ ထို့ကြောင့်သာ တမန်တော်မြတ် ﷺ ကလည်း ကလေးငယ်များအား နမာဇ်ဝတ်ပြုစေရန်အမိန့်ကို (၇)နှစ်ဟု ကန့်သတ်မိန့်ကြားခဲ့ခြင်းဖြစ်၏။

ကြည့် [မလ်ဖူဇာသ်ဟာကီမုလ်အွမ္မသ်၊ တွဲ-၁၄၊စာ-၈၄]

# ဗလီအုပ်ချုပ်သူ

၁။ အကယ်၍ ဗလီတည်ဆောက်ဝကဖ်ပြုလှူဒါန်းသူက တစ်ဦးတစ်ယောက်အား **ဗလီအုပ်ချုပ်ရေးမှူးအဖြစ်ခန့်အပ်ပါလျှင်** ထိုဝကဖ်ပြုခဲ့သူက သေဆုံးသောအခါ **ဗလီအုပ်ချုပ်ရေးမှူးသည်** အုပ်ချုပ်ရေးတာဝန်မှ ရပ်စဲသွားလေ၏။

၂။ အကယ်၍ **ဗလီဝကဖ်ပြုသူက** ဗလီအုပ်ချုပ်ရေးမှူးခန့်အပ်ခြင်း မရှိခဲ့ပါလျှင် ထိုအခါ မွတ်စလင်မ် အာဏာပိုင်အဖွဲ့အစည်းမှ အရာရှိတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ သို့မဟုတ် အများ မွတ်စလင်မ်က ရွေးချယ်ခဲ့သော ပုဂ္ဂိုလ်အနေဖြင့်လည်းကောင်း၊ **ဗလီအုပ်ချုပ်ရေးတာဝန်ကို** ထမ်းဆောင်ရမည်ဖြစ်၏။

၃။ ဗလီအုပ်ချုပ်ရေးမှူးအနေဖြင့် မိမိ၏ အုပ်ချုပ်ရေးတာဝန်အား မိမိမရှိသည့်နောက်ပိုင်းတွင် တစ်ဦးတစ်ယောက်အား ဆက်လက်အုပ်ချုပ်ရန် တာဝန်ပေးမှာတမ်းခွင့်ရှိ၏။ သို့သော် တစ်ဦးမှပိုသော အရေအတွက်နှင့်ပတ်သက်၍ ဆင့်ကဲဆင့်ကဲအုပ်ချုပ်ရန်အတွက် မှာတမ်းခွင့်မရှိပေ။ (ဥပမာ– မည်သူပြီးလျှင်မည်သူက ဆက်လက်အုပ်ချုပ်ရန်ဟု မှာတမ်းခွင့်မရှိပေ။)

၄။ သို့သော် ဗလီတည်ဆောက်ဝကဖ်ပြုသူအနေဖြင့် ထိုသို့တစ်ဦးပြီးလျှင် နောက်တစ်ဦးက ဆင့်ကဲအုပ်ချုပ်ရန်အတွက် မှာတမ်းပိုင်ခွင့်ရှိ၏။ (ဥပမာ– မောင်ဖြူပြီး မောင်နီပြီးလျှင် မောင်မဲဟု ကြိုတင်၍ မှာတမ်းမှု ပြုနိုင်၏။)

၅။ ဗလီဝကဖ်ပြုသူမဟုတ်ဘဲ ဗလီအုပ်ချုပ်ရန် တာဝန်ပေးခြင်းခံရသော အုပ်ချုပ်ရေးမှူးအနေဖြင့် မိမိကွယ်လွန်ပြီးနောက် မောင်ဖြူအုပ်ချုပ်ရန်နှင့် မောင်ဖြူကွယ်လွန်ပြီးနောက် မောင်နီကအုပ်ချုပ်ရန် မှာတမ်းမှုပြုခဲ့လျှင် မောင်ဖြူအုပ်ချုပ်ပြီးသောအခါ မိမိတို့နှစ်သက်လိုလားသည့် ပုဂ္ဂိုလ်အား ဆက်လက်၍ အုပ်ချုပ်စေပိုင်ခွင့်ရှိ၏။ ထိုမှာတမ်းမှုတွင် ဒုတိယပုဂ္ဂိုလ်မောင်နီက အကျုံးမဝင်ပါ။ အဘယ်ကြောင့်ဆိုသော် ဗလီအုပ်ချုပ်ရေးမှူးအနေဖြင့် မိမိနောက်တွင် ပုဂ္ဂိုလ်တစ်ဦးအတွက်သာ မှာတမ်းခွင့်ရှိ၏။ တစ်ဦးထက်ပိုသော မှာတမ်းမှုသည် တရားမဝင်ပေ။ ကြည့် [အင်မ်ဒါဒုလ်ဖသာဝါ၊ တွဲ–၂၊ စာ–၆၇၉]

# ဗလီပိုင်ငွေအားသုံးပိုင်ခွင့်ရှိသောအခြေအနေများ

၁။ ဗလီ၌ တာဝန်ထမ်းဆောင်နေသော အီမာမ်ရှေ့ဆောင်ဆရာ 'မုအဇ်ဇင်န်'နှင့် ဗလီဝန်ထမ်းစသည်များအား လခပေးရာတွင် လည်းကောင်း၊

၂။ ဗလီ **'ဟောဇ်'**ရေကန်နှင့် ဝုဇူပြုရန်အတွက် ရေစီစဉ်မှုပြုရာတွင် လည်းကောင်း၊

၃။ နမာဇ်အခင်း၊ ကောဇောအခင်းနှင့်အခြားအခင်းအကျင်းဝယ်ယူရေးနှင့်ပတ်သက်၍လည်းကောင်း၊

၄။ ဗလီနှင့်ဗလီဝန်းကျင်သန့်ရှင်းမှုအတွက်လည်းကောင်း၊

၅။ အလင်းရောင်ရရှိရန်အတွက် 'မီး'နှင့်ပတ်သက်၍လည်းကောင်း၊

၆။ မီးပျက်နေချိန်တွင် အခြားအလင်းရရှိစေမည့် အရာများအတွက် လည်းကောင်း၊

၇။ ပူပြင်းသောရာသီတွင် နမာဇ်ဝတ်ပြုသူများအတွက်လွယ်ကူမှုရရှိစေရန် အမိုးတစ်စုံတစ်ရာနှင့် ပတ်သက်၍လည်းကောင်း၊

၈။ ဗလီနှင့်ပတ်သက်သည့်အဆောက်အဦး၊မီး၊သန့်ရှင်းရေးစသည့် အခွန်အခများပေးဆောင်မှုနှင့်ပတ်သက်၍ လည်းကောင်း၊

၉။ ဗလီပိုင်အဆောက်အဦ၊ ဆိုင်ခန်း၊ အိမ်ခန်း စသည်များ၏ လခရရှိရေးအတွက် အမှုတစ်စုံတစ်ရာနှင့်ပတ်သက်၍လည်းကောင်း၊

၁၀။ ဗလီအားမွမ်းမံခြင်းနှင့်အဆောက်အဦကုန်ကျစရိတ်များ အတွက် လည်းကောင်း၊

၁၁။ အလွန်အေးသော ရာသီဥတုတွင် နမာဇ်ဝတ်ပြုသူများဝုဇူပြုရန် အတွက်  ရေနွေးအစီအစဉ်ပြုရာတွင်လည်းကောင်း၊

၁၂။ ဂျာမေအ်ဗလီရှိ ရုံးခန်းနှင့်ပတ်သက်သည့်လိုအပ်ချက်များအတွက် လည်းကောင်း၊

၁၃။ ရမ်ဇာန်လတွင် သရာဝီဟ်နမာဇ်အားဦးဆောင်၍ ဝတ်ပြုပေးသူ အတွက် တည်းခိုစရိတ်၊ စားသောက်မှုစရိတ်စသည်များနှင့်ပတ် သက်၍လည်းကောင်း စသည့်အချက် (၁၃) ချက်နှင့်ပတ်သက်၍ ဗလီပိုင်ငွေအားသုံးစွဲပိုင်ခွင့်ရှိ၏။'

## ဗလီပိုင်ငွေအားသုံးပိုင်ခွင့်မရှိသောအခြေအနေများ

**ဗလီပိုင်ငွေများသုံးစွဲပိုင်ခွင့်မရှိသောအချို့အခြေအနေများ**

၁။ သာသနာ့ပညာကိုပင် သင်ယူဆည်းပူးကြကုန်သော ကျောင်းသား များအတွက်လည်းကောင်း၊

၂။ သူဆင်းရဲဖသက်ဆိုးကလေးငယ်များ၊ မုဆိုးမများအားဗလီပိုင်ငွေ (သို့မဟုတ်) ပစ္စည်းဖြင့် ကူညီထောက်ပံ့ခြင်းသည်လည်းကောင်း သုံးစွဲပိုင်ခွင့်မရှိပေ။

၃။ သာသနာဝင်အသစ်အနေဖြင့် (၂) လ မျှခန့်ထိ ဗလီထဲ၌ပင်နေ ၍ အရေးကြီးလှသော သာသနာ့ပညာရပ်များသင်ကြားရာတွင်လို အပ်သည့်ယင်း၏နေမှုစားမှု သောက်မှုစရိတ်များအတွက် ဗလီ ပိုင်ငွေအား သုံးစွဲပိုင်ခွင့်မရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ် ၏စရိတ်ကုန်ကျမှုသည် ဗလီ၏အရေးကြီးလိုအပ်ချက် တွင်မပါဝင်

ပေ။ ထို့ကြောင့် ထိုကိစ္စနှင့်ပတ်သက်၍ ဇလီပိုင်ငွေနှင့် မည်သို့မျှ မပတ်သက်ချေ။ မွတ်စလင်မ်များအနေဖြင့်သီးခြားစီစဉ်မှုပြုသင့်၏။

၄။ ရမ်ဇာန်လတွင် ဝါဖြေမှုအစီအစဉ်ပြုခြင်း၊ သရဝီဟ်အချိန်နှင့် အခြားနမာဇ်အချိန်များတွင် နမာဇ်ဝတ်ပြုသူများ သောက်သုံးရန်အတွက် ရေခဲစီစဉ်ခြင်း၊ ယင်းကိစ္စရပ်များတွင်လည်း ဇလီပိုင်ငွေအား သုံးစွဲခွင့်မရှိပေ။

၅။ သရာဝီဟ်တွင် ကုရ်အာန်စတင်ဖတ်သည်ဖြစ်၍ မုန့်အချို့ဝေခြင်း ယင်းကိစ္စရပ်မှာ သာပို၍ပင် မပြုပိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ဝေရာတွင် ဆင်းရဲသားသက်သက်သာ မဟုတ်ဘဲ ချမ်းသာသူများကိုလည်း ဝေခြင်းဖြစ်၏။ ဇလီပိုင်ငွေအား သူဆင်းရဲများအတွက်ပင် သုံးစွဲပိုင်ခွင့် မရှိလျှင် သူချမ်းသာများအတွက် အဘယ်သို့လျှင် သုံးစွဲပိုင်ခွင့်ရှိပါမည်နည်း။

မှတ်ချက် ။ ။ အထက်ပါ ဇလီပိုင်ငွေဆိုသည်မှာ...

ဇလီနှင့်ပတ်သက်သည့် ဝင်ငွေမှန်သမျှအား လှူဒါန်းသူက ဇလီအတွက် သက်သက်သာအသုံးချရန် ဝကဖ်ပြုထားသောငွေကို ဆိုလိုခြင်းဖြစ်၏။ အကယ်၍ ထိုဇလီဝင်ငွေပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ဝကဖ်ပြုခဲ့သူကလည်းကောင်း (သို့) အလှူငွေပေးသူကလည်းကောင်း၊ ဇလီ၏အသုံးစရိတ်နှင့်အခြားပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များတွင်လည်း သုံးစွဲခွင့်ပြု၍ လှူဒါန်းဝကဖ်ပြုခဲ့ခြင်းဖြစ်ပါလျှင် ထိုကိစ္စရပ်များတွင်လည်း သုံးစွဲပိုင်ခွင့်ရှိ၏။ [အင်မ်ဒါဒုလ်ဖသာဝါ၊ တွဲ-၂၊ စာ-၇၀၈]

## အရေးပေါ်လိုအပ်ချက်အတွက်ဗလီပိုင်ပစ္စည်းများရောင်းချခြင်း

***အမေး ။ ။** ဗလီအုပ်ချုပ်သူများအနေဖြင့် ဗလီပိုင်ပစ္စည်းအား အရေးပေါ်လိုအပ်ချက်တစ်စုံတစ်ရာကြောင့် ရောင်းပိုင်ခွင့် ရှိပါသလော။*

**အဖြေ ။ ။** ဗလီ၏ပြောင်းရွှေ့နိုင်သော အရာများဖြစ်သည့် အခင်း၊ ကြမ်းခင်း၊ ကော်ဇော နမာဇ်အခင်းစသည်များအား ဗလီ၏အရေးပေါ်ကိစ္စရပ် တစ်စုံတစ်ရာကြောင့်ရောင်းပိုင်ခွင့်ရှိ၏။ သို့သော် ထိုသို့ ရောင်းချရာတွင် ထိုပစ္စည်းကို လှူဒါန်းခဲ့သူကသာ ရောင်းပိုင်ခွင့်ရှိခြင်းဖြစ်၏။ အကယ်၍ ထိုလှူဒါန်းခဲ့သူမရှိပါလျှင် ယင်း၏ အမွေစားအမွေခံများအနေဖြင့်ရောင်းပိုင်ခွင့်ရှိ၏။ အကယ်၍ အမွေစားအမွေခံတစ်ဦး တစ်ယောက်မျှလည်းမရှိခဲ့လျှင် ထိုသို့သော အခြေအနေမျိုးတွင် တရားတော်၏စည်းကမ်းချက်နှင့်ကိုက်ညီသည့် ''မွတ်စလင်မ်အာဏာပိုင်တရားသူကြီး''၏ခွင့်ပြုမိန့်ဖြင့်သာ ရောင်းပိုင်ခွင့်ရှိ၏။ အကယ်၍ ထိုသို့ တရားသူကြီးလည်း မရှိပါလျှင် မွတ်စလင်မ်အများစု၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ရောင်းပိုင်ခွင့်ရှိ၏။

အကယ်၍ ထိုရောင်းလိုသော ပစ္စည်းသည် ဗလီအဆောက်အဦတွင် ပါဝင်သောပစ္စည်း ဖြစ်လင့်ကစား ယခုတစ်ဖန်အဆောက်အဦမှ သီးခြားဖြစ်နေပါလျှင် ဥပမာ သစ်သားတိုင်များ၊ ခုံများ၊ အုတ်များ၊ သွပ်များ စသည်များဖြစ်ပါလျှင် အထက်ဖော်ပြပါအတိုင်း ကာဇီတရားသူကြီး၏ ခွင့်ပြုမိန့်ဖြင့်သာ ရောင်းချပိုင်ခွင့်ရှိ၏။ ထိုသို့ ကာဇီတရားသူကြီးမရှိလျှင် အများမွတ်စလင်မ်၏ သဘောတူညီချက်ဖြင့်သာ ရောင်းချပိုင်ခွင့်ရှိ၏။

အကယ်၍မပြောင်းရွှေ့နိုင်သော ပစ္စည်းဖြစ်ပါလျှင် ဥပမာ

အဆောက်အဦမြေနေရာစသည်များအား မည်သည့်အခြေအနေ၌ပင်
မဆို ရောင်းပိုင်ခွင့်လုံးဝ (လုံးဝ) မရှိပေ။ [အင်မ်ဒါဒုလ်ဖသာဝါ]

## ဗလီပိုင်ငွေမှ နမာဇ်လာရောက်ဝတ်ပြုသူအတွက် သောက်ရေအစီအစဉ်ပြုလုပ်ခြင်း

နမာဇ်လာရောက်ဝတ်သူများနှင့် လာရောက်တည်းခိုသော ခရီးသည်များအတွက် သောက်သုံးစီစဉ်မှုသည် ဗလီ၏လိုအပ်ချက်တွင် မပါဝင်ပေ။ ထို့ကြောင့်ထိုသို့သောကိစ္စရပ်အတွက် ဗလီပိုင်ငွေမှသုံးစွဲခြင်းသည် လုံးဝမပိုင်ချေ။ (သို့ရာတွင် တစ်ဦးတစ်ယောက်အနေဖြင့်ထိုကိစ္စအား တာဝန်ယူဆောင်ရွက်လိုက်ပါလျှင် ထိုသူကုသိုလ်ရမည်ဖြစ်၏)

အကယ်၍ သောက်သုံးရေစီစဉ်မှုမပြု၍ ဗလီတွင် နမာဇ်လာရောက်ဝတ်ပြုသူများ အရေအတွက် လျော့နည်းသွားမည်ကို စိုးရိမ်ရလျှင် ထိုသို့သောအခြေအနေမျိုးတွင် ဗလီပိုင်ငွေမှ သောက်သုံးရေအတွက် စီစဉ်နိုင်ပေသည်။ [အင်မ်ဒါဒုလ်ဖသာဝါ၊ တွဲ-၂၊ စာ-၇၀၇]

## ဗလီဘဏ္ဍာရေးမှူးအနေဖြင့် ဗလီပိုင်ငွေအား မိမိလိုအပ်ချက်အတွက်သုံးစွဲခြင်းမပိုင်

***အမေး ။ ။*** *မောင်ဖြူသည် ဗလီပိုင်ငွေကြေးအား ထိန်းသိမ်းမှုတာဝန်ယူထားသော ဗလီဘဏ္ဍာရေးမှူးဖြစ်၏။ အကယ်၍ မောင်ဖြူသည်ထို ဗလီပိုင်ငွေမှ မိမိ၏ တစ်စုံတစ်ရာ လိုအပ်ချက်အတွက် ခေတ္တငွေလှည့်သုံးပြီး ပြန်လည်၍ ထိုဗလီငွေအား ဖြည့်ခြင်းသည် အဘယ်သို့နည်း။*

အဖြေ ။ ။ ထိုဗလီပိုင်ငွေအား မိမိ၏တစ်စုံတစ်ရာလိုအပ်ချက်အတွက် သုံးစွဲခြင်းသည် လုံးဝမပြုပိုင်ချေ။

ကြည့်[အင်မ်ဒါဒုလ်ဖသာဝါ၊ တွဲ-၂၊ စာ-၆၂၇]

## ဗလီပိုင်ငွေနှင့်ဗလီပိုင်ပစ္စည်းပစ္စယများအား မဒ်ရဆဟ်ကျောင်းများတွင် သုံးစွဲပိုင်ခွင့်မရှိခြင်း

*အမေး ။ ။ ဗလီပိုင်ငွေသည် ဗလီ၏လိုအပ်ချက်နှင့်အလွန်ပိုလျှံနေ၏။ ထို့နောက် ထိုပိုလျှံငွေသည် အကြောင်းတစ်စုံတစ်ရာကြောင့် ဆုံးရှုံးနိုင်ဖွယ် အခြေအနေ၌ ရှိနေ၍ ထိုဗလီပိုလျှံငွေအား မဒ်ရဆာဟ် ကျောင်းများတွင် သုံးစွဲခွင့်ရှိပါသလော။*

အဖြေ ။ ။ မဒ်ရဆဟ်ကျောင်းသည် ဗလီ၏အမျိုးအစားတွင် မပါဝင်ချေ။ သာသနာပိုင်အဆောက်အဦတစ်မျိုး၏ ပိုလျှံငွေအား အခြားမျိုးတူ သာသနာပိုင်အဆောက်အဦ၌သာ သုံးစွဲခွင့်ရှိ၏။ (ဆိုလိုသည်မှာ လိုအပ်သည်ထက် အလွန့်အလွန်ပိုလျှံနေပြီး အခြားမျိုးတူ သာသနာပိုင်အဆောက်အဦတွင် အလွန်လိုအပ်နေပါလျှင် တရားတော်က သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသအရ ထိုမျိုးတူသာသနာပိုင်အဆောက် အဦ၌သာ သုံးစွဲပိုင်ခွင့်ရှိ၏။

ဥပမာ။ ။ ဗလီပိုင်ငွေအား အခြားဗလီ၌သာလည်းကောင်း၊ မဒ်ရဆဟ်ကျောင်းပိုင်ငွေအား အခြားမဒ်ရဆဟ်ကျောင်း၌သာလည်းကောင်း သုံးစွဲခြင်း။ ကြည့်[အင်မ်ဒါဒုလ်ဖသာဝါ၊ တွဲ-၂၊ စာ-၇၅၀]

# ဗလီဝတ်ကျောင်းတော်၌
# လောကီရေးစကားများ ပြောဆိုခြင်း

တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်မှာ . . .

များမကြာမီနောက်ဆုံးခေတ်ကာလတွင် အချို့သူများသည် ဗလီထဲ၌ စကားများသာ ပြောဆိုကြပေလိမ့်မည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား မည်သို့မျှ ဂရုမူလိမ့်မည်မဟုတ်ပေ။

(ဆိုလိုသည်မှာ . . . အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ကျေနပ်တော်မူလိမ့်မည် မဟုတ်ပေ။ ထို့နောက် ထိုသူတို့၏ ပျက်ဆီးဆုံးရှုံးမှုနှင့် သိက္ခာမဲ့စေမှု တို့အား မည်သို့မျှ ဂရုမူလိမ့်မည် မဟုတ်ချေ) (အိဗ်နေဟာဗ်ဗာန်ကျမ်း၊ ဟယာသုလ်မွတ်စ်လိမီးန်)

နှင်းစိုးမိုး စာပေနှင့်ကွန်ပျူတာ
(၂၉၉၊ဗိုလ်ဆွန်ပက်လမ်း,အထက်၊ရန်ကုန်) က မူပိုင်ဖြန့်ချိသည်။



ဒီဇိုင်း - Nhin Nwet Soe (LL.B,Q,M-1)